မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၀)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ တနင်္ဂနွေနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အကုသိုလ်ရှောင်ကုသိုလ်ဆောင်ဖြူအောင်စိတ်ကိုထား။ ဘုရားတိုင်းသာဟောမိန့်မှာသုံးဖြာဤစကား။ ဘုရားတပည့်ထားသတိပွားဘိဤတရား။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ဇန်နဝါရီလ ၁၅ ရက်မှ ၃၀ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် စာမျက်နှာ ၁၅ ကော်လံ ၁ ❑

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့အား ရေတပ်လေ့ကျင့်ရေးဌာနချုပ်ဌာနချုပ်မှူးနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်စဉ်။

ရောင်စုံပျံသင်းစာပန်းခင်း

လူငယ်ဖတ်စာ

ပြည်တွင်းဖြစ်ကို အားပေးပါ



စာ - ၁၁ သို့

ဆောင်းပါး

ထင်ရှားကျော်ကြား ကမ္ဘာ့ရေဝပ်ဒေသများ



စာ - ၁၃ သို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်လေးမြို့နယ်၏ စဉ်ဆက်ပညာရေး ဆောင်ရွက်နေမှု ဖေဖော်ဝါရီလ ၅ ရက်တွင် ပြီးမြောက်မည်

စာ - ၅ သို့

ကြက်မောက်တောင်ဆည်နှင့် ဆည်ရေဝပ်ဧရိယာသို့ ကမ္ဘာ့ရှားပါးမျိုးစိတ်ဟိမဝန္တာလင်းတဆောင်းခိုငှက် အပါအဝင် ရေပျော်ငှက်၊ သစ်တောငှက်များဝင်ရောက် ကျက်စား

စာ - ၁၂ သို့

၁-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀)ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်)

ပြည်သူများစိတ်အေးချမ်းသာနေနိုင်ရေး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုများရှိနေရန်လိုအပ်လှသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိခြင်းနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများရှိနေခြင်းကြောင့် အဆိုပါအချက်များ ပျက်ယွင်းနေခြင်းဖြစ်သည်။ တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တစ်ရပ်ဖြစ်ပေါ်လာအောင် တာဝန်ရှိသူများက အဘက်ဘက်မှ ကြိုးပမ်းခဲ့ကြသည်။ အဆိုပါသဘောတူညီချက်သည် ထိုလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုလားချက်ကိုဦးစားပေးအကောင်အထည်ဖော်ခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အတိုင်းသာ လိုက်ပါလုပ်ဆောင်ကြမည်ဆိုပါက မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်း၍ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုဦးဆောင်လျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်သည်။ ထိုရှေ့လုပ်ငန်းစဉ်များအတိုင်းအောင်မြင်အောင်လည်း မမှိတ်မသုန်ဦးတည်ဆောင်ရွက်နေသည်။ ထို့အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍကြီး(၃)ရပ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ချက်(၉)ရပ်ကိုလည်းချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထိုသို့ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏အခြေခံအဆောက်အဦများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ကြီးစွာသောဆုံးရှုံးရခြင်းများဖြစ်ပေါ်ခဲ့ရသည်။ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအဟန့်အတားဖြစ်စေခဲ့သည်။ လက်နက်ကိုင်ဆောင်ကာ အကြမ်းဖက်လမ်းစဉ်သည် လူသားတို့၏ကောင်းကျိုးမှန်သမျှကို ပျက်စီးစေပြီး ဆိုးကျိုးများကိုသာထပ်တိုးစေခဲ့သည်။

လက်နက်ကိုင်လမ်းစဉ်နှင့်အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့ရသည့်ဆုံးရှုံးနစ်နာမှုများကိုထောက်ထား၍ ထာဝရငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူလက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကိုဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းမှသော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးဆက်သွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက ဖိတ်ခေါ်ကမ်းလှမ်းထားပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရဆိုသည်မှာ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးစီးပွားကိုသာ လုပ်ဆောင်နေခြင်းဖြစ်သကဲ့သို့ တပ်မတော်ဆိုသည်မှာလည်း ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကိုကာကွယ်စောင့်ရှောက်ပေးနေသည့်အတွက် အကြမ်းဖက်သမားတို့၏လုပ်ရပ်မှန်သမျှသည် ကျဆုံးရမည်သာဖြစ်သည်။ အကြမ်းဖက်အဖျက်သမားဆိုသည်မှာ နိုင်ငံတော်နှင့်ပြည်သူလူထုပျက်စီးရေးကို ရှေးရှုလုပ်ဆောင်နေပြီး လက်နက်ကိုင်ကာ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်နေခြင်းဖြစ်သည်။ ၎င်းတို့အနေဖြင့် နိုင်ငံနှင့်ပြည်သူကိုကောင်းကျိုးမပြုသည့်လုပ်ရပ်များကိုစွန့်လွှတ်သင့်ပြီဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်မှသာ တရားမဝင်လက်နက်ကိုင်များရှိနေသည့်နေရာဒေသရှိပြည်သူများ စိတ်အေးချမ်းသာစွာနေနိုင်မည်ဖြစ်သည်။ သာယာလှပ၍ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းလှသည့် မြန်မာနိုင်ငံကို လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူတို့က အကျည်းတန်၊ အရုပ်ဆိုးအောင်လုပ်နေသည်မှာ လွန်စွာစက်ဆုပ်ဖွယ်ရာကောင်းလှသည်။

နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်ပေးလျက်ရှိသည်။ အဆိုပါသဘောတူစာချုပ်သည် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားသည့်သမိုင်းဝင်စာချုပ်ဖြစ်သည်။ အချို့ကိစ္စရပ်များကို လာမည့်လွှတ်တော်တွင် ဆက်လက်ဆွေးနွေးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့်သဘောတူဆွေးနွေးချက်များရရှိထားပြီးဖြစ်သည်။ ထို့ကြောင့် ပြည်သူများစိတ်အေးချမ်းသာနေနိုင်ရေးအတွက် သက်ဆိုင်သူအသီးသီးက ရှေးရှုဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီး

ပဲခူး ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုက်ဦးမြို့နယ် တောင်သလဲမြောင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တောင်သလဲမြောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများ၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိရပ်မိ/ရပ်ဖများ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ထားသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးသည်။

အဆိုပါတောင်သလဲမြောင်ကျေးရွာ၌ အရှည်ပေ ၇၆၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းနှစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို (VDP) စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၀ စုစုပေါင်းငွေကျပ်သိန်း ၁၉၀ ကိုအသုံးပြု၍ ခရိုင်/မြို့နယ် ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

စိန်လွင် (ကျေးလက်)

(၆၂)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဓမ္မာနုဂ္ဂဟစာမေးပွဲ တတိယနေ့ဆက်လက်ကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၆၂)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဓမ္မာနုဂ္ဂဟ စာမေးပွဲကြီးကို ဇန်နဝါရီလ ၂၉ ရက်မှ စတင်၍ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး ၌ ကျင်းပရာ ဇန်နဝါရီလ ၃၁ ရက်တွင် တတိယနေ့ အဖြစ် ဆက်လက်ကျင်းပကြောင်း သိရသည်။

အဆိုပါ(၆၂)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဓမ္မာနုဂ္ဂဟစာမေးပွဲကြီးကို ပထမကြီးတန်း ၁၆ ပါး၊ ပထမလတ်တန်း ၄၈ ပါး၊ ပထမငယ်တန်းအပါး ၁၀၀၊ အခြေပြုမူလတန်း ၁၂၈ ပါး၊ ဒုတိယအဆင့် ၁၁၇ ပါးနှင့် ပထမအဆင့် ၁၆၆ ပါး စုစုပေါင်း ၅၇၅ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြပြီး စာမေးပွဲကို မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့၏စီစဉ်မှုဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

စာမေးပွဲတွင် ပထမကြီးတန်းနှင့် ပထမလတ်တန်း၌ ဒွေမာတိကာဘာသာ၊ ပထမငယ်တန်း၌ ဘိက္ခုပါတိမောက်၊ အခြေပြုမူလတန်း၌ ဝိနည်းကျင့်ဝတ်ဘာသာများကိုဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

သဧင်(FM)အသံလွှင့်အစီအစဉ်

၂-၂-၂၀၂၅(တနင်္ဂနွေနေ့)

၁။	၀၈:၀၀	မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	၃။ ၁၃:၃၀ Music Crazy
၂။	၁၀:၄၀	နိပါတ်တော်လာ သိမှတ်စရာ	၄။ ၁၄:၅၀ Sporty Zone
			၅။ ၁၈:၂၀ Relaxing Moment
			၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

မြဝတီ ခနဲ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်းမှူး(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်ရိပ်မြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀ဏ်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀ဏ်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၀၁၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ပုဇွန်တောင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၃၁ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ကျောင်းကျန်းမာရေးလုပ်ငန်းများကို ၁၉၂၁ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း၊ နှစ်ကာလရှေ့လျားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖွဲ့စည်းပုံအရ ကျောင်းကျန်းမာရေးလက်စွဲစာအုပ်ပါ လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို စာပေသင်ကြားပေးရုံသာမက ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်များကိုပါ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်ပြီး ပညာရည်တိုးတက်မြင့်မားစေရေးအတွက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန်းလှထွန်းက ကူးစက်တတ်သောရောဂါများအကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်စမ်းစိမ့်စိမ့်သင်းက တီဘီရောဂါအကြောင်းကိုလည်းကောင်း၊ သူနာပြုဆရာမကြီး အဆင့်(၁)ဒေါ်နွဲ့က အာဟာရအုပ်စု(၃)စုအကြောင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများအကြောင်းကိုလည်းကောင်း၊ ကြီးကြပ်(၂)ဒေါ်တင်မိုးသူက သွေးလွန်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်နောက် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးနှင့်သက်ဆိုင်သောမေးခွန်းများ မေးမြန်းခဲ့ပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းနှင်းအေးနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဟောပြောပွဲတက်ရောက်လာသူများအား ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကျောင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိမ်နင်းရေးလုပ်ငန်းစဉ်ဖြစ်သည့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဟန်စုယဉ်**

တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်သုံးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်စတော့အိတ်ချိန်း၌ ဇန်နဝါရီလ နောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင်သုံးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇန်နဝါရီလ ၂၇ ရက်မှ ၃၁ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်း ငွေကျပ် ၁၀၈၇၇၁၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၂၇၃၉ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၃၉၆၁၉၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၁၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၄၀၆၇၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၉၁၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံသုံးပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၄၉၃၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၅၃၅၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၄၉၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၃၀၀ ခန့် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၃၆၅၉၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၄၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၈၆၉၃၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၃၇၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၄၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၆၄၇၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၂၄၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၆၀၀ ခန့် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၄၂၃၇၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၄၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီသုံးခုမှအပ ကျန်ကုမ္ပဏီငါးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြီးခဲ့သည့်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက စတော့ရှယ်ယာအစောင်ငါးပုံတစ်ပုံခန့်အထိ အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် လာမည့်ဘဏ္ဍာနှစ်တွင် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း အခု ၂၀ လျာထားဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း အခု ၂၀ လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၏ ပြောဆိုချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုအခါထိစီမံကိန်းလုပ်ငန်းများမှ ဖွင့်လှစ်ပေးခဲ့သည့် သင်တန်းများတွင် တက်ရောက်ခဲ့ကြသော သင်တန်းသားများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နေကြပြီဖြစ်သည်။

''ရန်ကုန်တိုင်းဒေသကြီးအတွင်းကရပ်ကွက်၊ ကျေးရွာတွေမှာ ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာလည်း စီမံကိန်းလုပ်ငန်း အခု ၂၀ လျာထားဆောင်ရွက်မှာ ဖြစ်တဲ့အပြင် ပုံမှန်သင်တန်းတွေကိုလည်း ဖွင့်လှစ်မှာဖြစ်ပါတယ်။ တခြားဌာနအဖွဲ့အစည်းတွေနဲ့ပူးပေါင်းဖွင့်လှစ်မယ့် သင်တန်းတွေလည်း ပါဝင်ပါတယ်"ဟု ဦးသက်နိုင်ဦးကပြောသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်တွင်း၌ အသေးစား စက်မှုလက်မှုလုပ်ငန်းများပေါ်ထွန်းလာစေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဘေးဥပဒ်ကင်းရှင်းစေရန် ဓာတ်ခွဲစမ်းသပ်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နည်းပညာပေးသင်တန်း ၆၁၉ ကြိမ်၊ လုပ်ငန်းမှတ်ပုံတင် ၃၄၁၈ ခု၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်မှု ၆၄၆၃ ကြိမ် ဆောင်ရွက်ခဲ့သည့်အပြင် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းကိုလည်း ကျေးရွာပေါင်း ၁၅၁ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဆောင်းဦး**



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ဤသည်မှာလည်း အလုပ်သမားများထံမှ ကူးစက်လာခြင်းများကို ဝတ္ထုကောင်းများဖြင့် တိုက်ဖျက်နိုင်သောကြောင့် ဖြစ်ပါသည်။ ဖခင်ကဲ့သို့ ရိုးသားခြင်းမှာလည်း ကျွန်ုပ်၏အလုပ်သဘောဖြင့် တိုက်ဖျက်ခဲ့ပါပြီ။ စာရေးဆရာ၊ သတင်းစာဆရာတစ်ယောက်အနေဖြင့် လူရိုးလုပ်နေ၍မဖြစ်။ ရိုးသားခြင်းကား ဖြစ်နိုင်ပါသည်။ နားလည်ကြစေလိုသည်မှာ ရိုးသားခြင်းသည် ချီးမွမ်းထိုက်သလောက် ရိုးခြင်းသည် 'နံရာ၊ အရာ' ရောက်တော့သည်။

မိခင်ထံမှ ရသောအမွေ

(၂)မိခင်ထံမှဆက်ခံရရှိသည့် ဆိုးကောင်းအမွေများမှာကား (က) စိတ်ဆတ်၍ ဖြစ်မိလျှင် ဇွတ်မိုတ်လုပ်ချင်တတ်ခြင်း၊ (ခ) မာနရှိ၍ စိတ်ကြီးဝင်တတ်ခြင်း၊ (ဂ) မဟုတ်မခံတတ်ခြင်းတို့ ဖြစ်လေသည်။ 'ဖေသိန်း' အရွယ်တွင် ၎င်းအခြင်းအရာများသည် ကျွန်ုပ်၌ အပြည့်အဝရှိ၍ ကြီးပြင်းလာသောအခါ၌မူ နောက်ထပ်တွေ့ရသည့် အဖြစ်အပျက်တို့ကြောင့် အတိုးအလျှော့ရှိလာပါသည်။ (ဃ) ဒေါသနှင့်ပတ်သက်၍မူ လျှော့လျှင်ကောင်းသည်ဟုနားလည်လာသဖြင့် (တကယ် လျှော့ခြင်း၊ မလျှော့ခြင်းကို အပထား၍) ကြိုးစားပါ၏။ (င) မာနနှင့်ပတ်သက်၍မူ မကြိုးစားမိသည့်အတွက်ကြောင့် တိုး၍ပင် တက်လာသည်ထင်ပါ၏။ (စ)မဟုတ်မခံတတ်ခြင်းမူကား နောက်ပိုင်းတွင် အကျိုးရှိ၊ မရှိ ချင့်ချိန်ဖို့ သတိထားရန် ကြိုးစားရကောင်းမှန်း သိလာပါသည်။ ဤအခြင်းအရာသည် ကောင်းသည်ဟူ၍လည်းကောင်း၊ မကောင်းသည်ဟူ၍လည်းကောင်း တထစ်ချဆုံးဖြတ်သင့်သောအရာတစ်ခုမဟုတ်ဟူ၍ ယူဆလာပါသည်။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ ရှိသော သဘောထားကို ဖွင့်ရေးရမည်ဆိုပါမူကား ကျွန်ုပ်သည် (ကိုယ်တိုင် မတတ်နိုင်တော့မှရှိစေ) မဟုတ်မခံတတ်ခြင်းတည်းဟူသော စိတ်ထားမျိုးရှိသူ တစ်ယောက်အား လှိုက်လှိုက်လဲလဲ ကြည်ညိုတတ်သည့် သဘောထားရှိပါသည်။

"၁၉၀၈ ခုနှစ်တွင် ကိုးတန်းအောင်မြင်ခဲ့လေပြီ။ ဤခေတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများနှင့် ထိုခေတ်က အောင်မြင်သူများမှာ 'မျက်နှာပွင့်'ရာ၌ မနှိုင်းယှဉ်နိုင်အောင် ကွာခြား၏။ ထိုခေတ်ကမူ ဘင်္ဂလားစာမေးပွဲခေါ် ကိုးတန်းအောင်သူ အလွန်ရှားသေး၏။ အမေရိကန်ကျောင်းမှ နှစ်စဉ် ကိုးတန်းသမား လေးငါးရှစ်ယောက်မျှဖြေဆိုကြရာ တစ်နှစ်မှ တစ်ယောက်တလေမျှသာအောင်သော နှစ်ပေါင်း တသိတတန်းကြီးရှိခဲ့ဖူး၏..."

သံသရာအစဉ်က ပါလာခြင်း

(၃)ကျွန်ုပ်၌ ဘဝအစဉ်အဆက်မှ လိုက်ပါလာသည်ဟုယူဆသည့် ဝါသနာကောင်းဆိုးများမှာ (က)အဖော်ကောင်းလျှင် ဘာမဆိုပြုချင်တတ်သည့် မကြံ့ခိုင်သောစိတ်ဓာတ်၊ (အထူးသဖြင့် မကောင်းသောဘက်၌ သာ၍ 'အညာလွယ်' တတ်သည်။) (ခ) ဘာမဆိုသိချင်၍ စူးစမ်းချင်တတ်သောစိတ်မျိုး၊ (ဂ)အသစ်အဆန်းဆိုလျှင် (အကျိုးရှိ၊ မရှိ အပထား၍) မြည်းစမ်းချင်တတ်သောဝါသနာ၊ (ဃ) သူတစ်ပါး၏ ထင်မြင်ချက်ကို ဂရုမစိုက်၊ မိမိ၏ယုံကြည်ချက်အတိုင်း ကျင့်ကြံတတ်ခြင်းတို့ဖြစ်လေသည်။ (က) မကြံ့ခိုင်သောစိတ်ဟူသည်မှာ မကောင်းခြင်းသက်သက်ဟူ၍ ဆိုရပေမည်။ ဤစိတ်သည် ကျွန်ုပ်၏လောကကြီးပွားရေးကို အများဆုံးဖျက်ဆီး၏။ ကြီးပြင်းလာသောအခါ ပြုပြင်ဖို့ ကြိုးစားသော်လည်း အောင်မြင်မှုနည်းလှသည်။ (ခ) ဘာမဆိုသိချင်၍ စူးစမ်းချင်တတ်သောစိတ်မျိုးသည် ဆိုးသည်ဟုမဆိုသင့်၊ ကောင်းကျိုးပင်ပေးတတ်ပါ၏။ (ဂ) အသစ်အဆန်း မြည်းစမ်းချင်တတ်သောဝါသနာကြောင့် အကောင်းရော အဆိုးပါ ကြုံခဲ့ရဖူးပါ၏။ (ဃ) ကိုယ့်ယုံကြည်ချက်အတိုင်း ကျင့်ကြံတတ်ခြင်းကို အချို့မှာ 'ခေါင်းမာသည်'ဟု ဆိုကြမည်ဖြစ်သော်လည်း ကိုယ့်ဟာကိုယ်တော့ ကျေနပ်လျက်ရှိပါသည်။ ကိုယ့်ယုံကြည်ချက်အတိုင်း ကျင့်ကြံမိခြင်းကြောင့် ဒုက္ခတွေ့ရသည်ဖြစ်စေ၊ လူကဲ့ရဲ့ခံရသည်ဖြစ်စေ ခံရန်အသင့်ရှိပါသည်။ ယနေ့တိုင်လည်း နောင်တမရပါ။

ပတ်ဝန်းကျင်၏ ပြုပြင်မှုနှစ်မျိုး

(၄) ပတ်ဝန်းကျင်၏ ပြုပြင်မှုဆိုသည်ကိုမူ နှစ်ပိုင်းခွဲ၍ ဖော်ပြလို၏။(က)မိမိက ရွေးချယ်ခွင့်မရှိဘဲ အကြောင်းအားလျော်စွာ ခံရခြင်းဟူသည်မှာ မိဘများ၏ ဆုံးမပဲ့ပြင်မှုနှင့် ထိန်းသိမ်းအုပ်ချုပ်မှုတို့အပြင် ငယ်ရွယ်စဉ်က အတွေ့အကြုံများလည်း ပါဝင်၏။ ကျွန်ုပ်၏ဘဝ၌ တစ်ချောင်းပြီးတစ်ချောင်း ပေါက်ရောက်လာခဲ့သည့် 'ဆူး'များမှာ ကျွန်ုပ်က ပြုပြင်နိုင်ခြင်းမရှိ။ 'အရေမထူ' သည့် ငယ်ရွယ်နုနယ်သောအရွယ်တွင် မည်သူမဆို ထိုကဲ့သို့ တွေ့ကြုံခံစားရပါက ကျွန်ုပ်ကဲ့သို့ပင် ဖြစ်လာဖို့များပေလိမ့်မည်။ သူငယ်ဘဝ ကစားခြင်းသည် အလျဉ်းအကျိုးမရှိဟူသော ဖခင်၏ ဆုံးမနည်းသည်လည်း ကျွန်ုပ် ဘာမျှမတတ်နိုင်ဘဲခံရ၍ ကျွန်ုပ်အား စိတ်အချဉ်ပေါက်စေ၏။ အလုပ်သမားများ၏ညစ်ချင်၊ နှပ်ချင်၊ လောင်းကစားချင်သောအလေ့အကျင့်များ ကူးစက်ခြင်းသည်လည်း ကျွန်ုပ် ဘာမျှမတတ်နိုင်ဘဲ ခံလိုက်ရခြင်းဖြစ်၏။ မည်သည့်လူငယ်မဆို ကျွန်ုပ်ကဲ့သို့ အလုပ်သမားများနှင့် လက်ပွန်းတတီးနေရသည်ဆိုလျှင် ကျွန်ုပ်ကဲ့သို့ပင် ဖြစ်လာဖို့များပေလိမ့်မည်။ သို့ဖြစ်၍ 'ဖေသိန်းအရွယ်' တစ်လျှောက်လုံးတွင် ကျွန်ုပ်သည် ပတ်ဝန်းကျင်၏ပြုပြင်မှုကို ဘာမျှမတတ်နိုင်ဘဲ ခံခဲ့ရခြင်းဖြစ်သည်ဟုဆိုလိုပါ၏။ ပမာဆိုသော် မြစ်ကြောင်းတွင် ရေစီးအလိုက်မျောပါသည့် ဖောင်နှင့်တူပါသည်။

တော်လှန်နိုင်လောက်သည့် ပတ်ဝန်းကျင်

(ခ) ကျောင်းထွက်၍ မောင်ဖေသိန်းအရွယ်သို့ ရောက်လာသောအခါ၌မူ မြစ်ကြောင်းတွင် ရေစီးအလိုက် မျောပါရစေကာမူလည်း ဖောင်နှင့်မတူဘဲ လှော်တက်၊ ပဲ့တက်အပြည့်အစုံပါသည့် 'လှေ' နှင့်တူပါတော့သည်။ ထိုအရွယ်မူ အလုပ်သမားများအလယ်၌ ပစ်ချခံရခြင်းမျိုး မဟုတ်ဘဲ အပေါင်းအသင်းကို မိမိ၏သဘောအတိုင်း ရွေးချယ်နိုင်ခွင့်ရှိခဲ့လေပြီ။ ဖေသိန်းအရွယ်၌ ပြုခဲ့ဖူးသည့် အမှားများအတွက် မိမိကိုယ်ကို အပြစ်မဆိုချင်သော်လည်း မောင်ဖေသိန်းအရွယ်မှစ၍ တစ်သက်တာလုံး၏ အမှားများအတွက်မူ တာဝန်ယူဖို့ ဝန်လေးလိမ့်မည်မဟုတ်ပါ။ ထိုအချိန်မှစ၍ အမှားမရှိတော့၊ လူလိမ္မာတစ်ယောက် ဖြစ်လာတော့သည်ဟုပြောလိုသည် မထင်ကြပါလေနှင့်။ ကြီးကျယ်သော အမှားကြီးများလည်း မှားခဲ့ပါသည်။ ပိုင်းခြား၍ ဖော်ပြရခြင်းမှာ မိမိအတွက် အသရေဆယ်လိုခြင်းမဟုတ်။ လူ၏သဘာဝကို ကျွန်ုပ်နားလည်သလို ရှင်းလင်းအောင် တင်ပြလိုသောကြောင့် မျှသာဖြစ်ပါ၏။ သို့ရာတွင် ငယ်စဉ်က ပေါက်ခဲ့သည့် 'ဆူး'များအတွက်မူကား ကျွန်ုပ် ဘာမျှမတတ်နိုင်။ 'မျက်နှာချို ကလေးနှင့် နူတ်လျှာချို၍ သဘောကောင်းလှပါသည်' ဆိုသော လူတစ်ယောက်ဖြစ်ဖို့မူကား မည်သည့်နည်းနှင့်မျှ ကျွန်ုပ် မတတ်နိုင်တော့ပြီ။ (ဖြူကောင်သည် ယုန်ကလေးဖြစ်မလာနိုင်သကဲ့သို့ပင်) သို့ရာတွင် စာအုပ်ကောင်းများ ဖတ်ရခြင်းကြောင့် နောက်ပိုင်း၌ အသစ်ထပ်မံရရှိသည့် လူ့သဘာဝ သဘောတရားရေးရာများကိုမူ သက်ဆိုင်ရာအပိုင်းတွင်မှ ဖော်ပြပါဦးမည်။

ခေတ်ပညာတတ် ရွာသောခေတ်

၁၉၀၈ ခုနှစ်တွင် ကိုးတန်းအောင်မြင်ခဲ့လေပြီ။ ဤခေတ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများနှင့် ထိုခေတ်က အောင်မြင်သူများမှာ 'မျက်နှာပွင့်'ရာ၌ မနှိုင်းယှဉ်နိုင်အောင် ကွာခြား၏။ ထိုခေတ်ကမူ ဘင်္ဂလားစာမေးပွဲခေါ် ကိုးတန်းအောင်သူ အလွန်ရှားသေး၏။ အမေရိကန်ကျောင်းမှ နှစ်စဉ် ကိုးတန်းသမား လေးငါးရှစ်ယောက်မျှဖြေဆိုကြရာ တစ်နှစ်မှ တစ်ယောက်တလေမျှသာအောင်သော နှစ်ပေါင်း တသိတတန်းကြီးရှိခဲ့ဖူး၏။ ကျွန်ုပ်တို့နှစ်ကမူ ၁၁ ယောက်ဖြေဆိုရာ နှစ်ယောက်တည်းကျပြီး ကိုးယောက်အောင်သောနှစ်ဖြစ်၍ ကျောင်းအုပ်ကြီး လက်ပမ်းပေါက်ခတ်ချင်မတတ်ဖြစ်သည်ဟု ကြားလိုက်ရ၏။ အထက်မြန်မာပြည်မှာ ထိုစဉ်က အင်္ဂလိပ်စာတတ်သူ အလွန်ရှားသေး၍ လေးငါးတန်းမျှနှင့် ရထားရုံပိုင်၊ သင်္ဘောစာရေး၊ မြို့စာရေး၊ ကုမ္ပဏီစာရေး၊ မြေတိုင်းစာရေး စသည်ဖြင့်ဖြစ်နိုင်ကြပေရာ အရေးပိုင်ရုံးများ၌ပင် ခုနစ်တန်းအောင်သော စာရေးကြီးများ မင်းမူနိုင်သော ခေတ်ဖြစ်လေသည်။ ရှေးဦးစွာ ငွေစာရင်းမင်းကြီးဖြစ်၍ ထို့နောက်၌ ရန်ကုန်ကော်ပိုရေးရှင်းမင်းကြီးဖြစ်လာသည့် ဦးဆက်မှာ ပထမဦးစွာ ဘီအေအောင်သော အထက်မြန်မာပြည်သားဆို၍ ဗြိတိသျှအစိုးရ၏ အထူးချီးမြှောက်ခြင်းခံရ၏။ မြန်မာလူမျိုးအနက်မှ ပထမဦးစွာ ရာဇဝတ်ဝန်ကြီး (D.S.P) ခန့်ထားခြင်းခံရသည့် ဦးထွန်းမင်းမှာလည်း အထက်မြန်မာပြည်သားများအနက်မှ ပထမဦးစွာ ကိုးတန်းအောင်သူဖြစ်၍ ကိုးတန်းအောင်လက်မှတ်ကို ဘုရင်ခံကိုယ်တိုင်က အခမ်းအနားဖြင့် အပ်နှင်းသည်ဟု ကြားရဖူးလေသည်။ (ဤခေတ်ကိုးတန်းသမားများကား လူဖြစ်နောက်ကျသည်ဟု အောက်မေ့ရာကြမည်ထင်၏။)

ဆက်လက်ဖော်ပြပါမည်။

ကော့သောင်းမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ


ကော့သောင်း ဖေဖော်ဝါရီ ၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၃၁ က ကော့သောင်းမြို့နယ် မြို့မအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် အားကစားနည်း ၁၀ မျိုးကို ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပြေးခုန်ပစ်အားကစားသမားများက ဇန်နဝါရီလ ၃၀ ရက်မှစ၍ ပွဲစဉ်အလိုက် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြေးခုန်ပစ်အားကစားပြိုင်ပွဲအလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုတံဆိပ်များချီးမြှင့်ကြသည်။ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး တံခွန်စိုက်ဆုဖလားကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (အေးရိပ်ငြိမ်) မှလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားကို အခြေခံပညာအထက်တန်းကျောင်း (ဆယ်မိုင်)မှလည်းကောင်း ရရှိခဲ့ကြကြောင်း သိရသည်။

ချမ်းမြေ



လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲကျင်းပရန်ပြင်ဆင်ထားရှိမှု နေပြည်တော်ကောင်စဥက္ကဋ္ဌ သွားရောက်ကြည့်ရှု



နေပြည်တော် ဖေဖော်ဝါရီ ၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန်ဦးသန်းထွန်းဦးသည် ဒုတိယမြို့တော်ဝန်ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ရေပန်းဥယျာဉ်၌ အများပြည်သူများစိတ်ချမ်းမြေ့ပျော်ရွှင်စွာအနားယူအပန်းဖြေနိုင်စေရေးအတွက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ Sky Garden တွင် ရှားပါးအပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် မူလထားရှိသည့် ကစားနည်းများအပြင် ကလေးငယ်များပျော်ရွှင်စိတ်ဝင်စားဖွယ်ကစားနည်းအသစ်အဆန်းများထည့်သွင်းဆောင်ရွက်ရန်နှင့် ထိခိုက်အန္တရာယ်မဖြစ်ပေါ်စေရေး စီမံထားရှိရန်၊ သစ်ပင်ပန်းမန်များဖြင့် အမြဲသာယာလှပနေစေရေးဆောင်ရွက်ရန်နှင့် ရေပန်းဥယျာဉ်သို့ လာရောက်လည်ပတ်အပန်းဖြေသူများဖြင့်စည်ကားများပြားစေရေးပွဲတော်အစီအစဉ်များကို စဉ်ဆက်မပြတ်စီမံဆောင်ရွက်ကြရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ၂၀၂၅ ခုနှစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပမည့် ဥပဒေတသန္တိစေတီတော် တပေါင်းကွင်းအတွင်း ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းများအလိုက်မှ ပြခန်းများ၊ ဒေသထုတ်ကုန်နှင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင်ခန်းများပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ဇမ္ဗူသီရိမြို့နယ်ရှိ အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရန်၊ လျှို့ပိတ်ဆည်ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် ကြာပန်းများထည့်သွင်းစိုက်ပျိုးရန်၊ ဆေးဖက်ဝင် ရှားပါးပရဆေးပျိုးပင်များ၊ အခြားပရဆေးပင်များကို စနစ်တကျဖြင့် အမျိုးအစားစုံလင်စွာ တိုးချဲ့စိုက်ပျိုးရန်နှင့် ရေရှည်ထိန်းသိမ်းပြုစုထားရှိနိုင်ရေး စီမံဆောင်ရွက်ရန်၊ အမျိုးသားပရဆေးဥယျာဉ်မုခ်ဦး၏ပတ်ဝန်းကျင်အား အမြဲသန့်ရှင်းသာယာလှပ စိမ်းလန်းစိုပြည်နေစေရေး ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်လေးမြို့နယ်၏ စဉ်ဆက်ပညာရေးဆောင်ရွက်နေမှု ဖေဖော်ဝါရီလ ၅ ရက်တွင်ပြီးမြောက်မည်



နေပြည်တော် ဖေဖော်ဝါရီ ၁

စာတတ်မြောက်ရေးလုပ်ငန်းကို ရှေ့ပြေးဆောင်ရွက်ခဲ့သည့် နေပြည်တော်၊ ဇရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နောက်ဆက်တွဲလုပ်ငန်းအဖြစ် စဉ်ဆက်ပညာရေးကို သတ်မှတ်မြို့နယ်များ၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ်လေးမြို့နယ်၏ စဉ်ဆက်ပညာရေးဆောင်ရွက်နေမှုသည် ဖေဖော်ဝါရီလ ၅ ရက်တွင် ပြီးမြောက်မည်ဖြစ်ကြောင်း ကျောင်းပြင်ပနှင့် တစ်သက်တာပညာဦးစီးဌာနမှ သိရသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာဦးစီးဌာနသည် အဆိုပါမြို့နယ်လေးမြို့နယ်ရှိ စာသင်ဝိုင်းများ၌ ဦးတည်အုပ်စုနှင့် ကိုက်ညီသူများအား စာဖတ်ရှုနိုင်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် ဘဝသာယာရေးအတွက်အသိပညာပေးခြင်း စသည့်အစီအစဉ်သုံးရပ်ပါဝင်သော စဉ်ဆက်ပညာရေးလုပ်ငန်းသင်ကြားမှုအသိပညာပေးဖြန့်ဝေပေးနေမှုများကို ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီလ ၃၁ ရက်က ကျိုင်းတုံမြို့နယ်ရှိ ရပ်ကွက် ၄ အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်းတွင်ဖွင့်လှစ်ထားသည့် စာသင်ဝိုင်းနှင့် ရပ်ကွက် ၁ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် စာသင်ဝိုင်းများသို့လည်းကောင်း၊ မိုင်းခတ်မြို့နယ် ကျိုင်းပင်ကွေ့ရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ စာသင်ဝိုင်းနှင့် ဝမ်ခုတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် စာသင်ဝိုင်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့ပြီး စေတနာလုပ်အားပေးနည်းပြများနှင့် ကြီးကြပ်မှုများ၊ စာသင်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးခဲ့ကြောင်း သိရသည်။

ကျောင်းပြင်ပနှင့်တစ်သက်တာပညာဦးစီးဌာနသည် စဉ်ဆက်ပညာရေးလုပ်ငန်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလဆန်းမှစပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဇရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် (အရှေ့ပိုင်း) တို့ရှိမြို့နယ်များတွင် လျာထားစာသင်သားပေါင်း ၃၈၇၅၇ ဦးကို စာသင်ဝိုင်းပေါင်း ၂၈၀၆ ဝိုင်းစုဖွဲ့၍ စေတနာလုပ်အားပေးနည်းပြ/ ကြီးကြပ်ပေါင်း ၃၅၁၂ ဦးတို့ဖြင့် ဆက်လက် သင်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **(မိုး/၈လ)**

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။ **(မိုး/၈လ)**

ဘိုကလေးမြို့နယ်မှ သီးနှံအာမခံထားရှိသည့် တောင်သူများအား မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် လျော်ကြေးငွေပေးအပ်

ဘိုကလေး ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်း ရာသီဥတု အညွှန်းကိန်းအခြေပြု သီးနှံအာမခံထားရှိသည့် တောင်သူများသို့ သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လျော်ကြေးငွေပေးအပ်ခြင်းကို ဇန်နဝါရီလ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အခမ်းအနားသို့ ဘိုကလေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်မြတ်သီတာနှင့် မြို့နယ်ချေးငွေအကြံပေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် လျော်ကြေးငွေလက်ခံကြမည့် တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းက ဘိုကလေးမြို့နယ်အနေဖြင့် သတ်မှတ်မိုးရေချိန်ကျော်လွန်ခြင်းအတွက် သီးနှံပျက်စီးမှုမရှိသော်လည်း သတ်မှတ်ကာလများအတွင်း မိုးရေချိန်ကျော်လွန်ခြင်းအတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျော်ကြေးငွေပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ချေးငွေအကြံပေးအဖွဲ့အတွင်းရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်မြတ်သီတာက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၆ အုပ်စုမှ သီးနှံအာမခံထားရှိသည့် တောင်သူ ၃၈၆၁ ဦး၏ သီးနှံ ၁၆၈၁၈ ဧကအတွက် လျော်ကြေးငွေ ၇၅၆၈ ဒသမ ၁ သိန်းပေးအပ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ချေးငွေအပြည့်အဝပြန်လည်ပေးသွင်းပြီးသူ တောင်သူ ၁၂၈ ဦးထံ တာဝန်ရှိသူများနှင့်အတူ လျော်ကြေးငွေ ၂၃၉ ဒသမ ၈၅ သိန်းကို တောင်သူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

မန်းရွှေစက်တော်ရာဘုရားပွဲတော်အတွက် မန်းချောင်းရေလှောင်တမံဆည်မှ ရေစတင်ပေးဝေ



ငဖဲ ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံဆည်မှ ၂၀၂၄ ခုနှစ် မိုးစပါးရိတ်သိမ်းချိန် နိုဝင်ဘာလ ၃၀ ရက်မှစ၍ ရေပေးဝေမှုရပ်ဆိုင်းထားရာမှ ၂၀၂၅ ခုနှစ် နွေစပါး စိုက်ပျိုးရန်နှင့် မန်းရွှေစက်တော်ရာဘုရားပွဲတော်ဖွင့်ပွဲအမီ ဇန်နဝါရီလ ၃၁ ရက်မှစ၍ ရေထုတ်ပြွန်တံခါးမှ ဆည်ရေစတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်မဖွင့်မီ တည်းခိုဆောင်များဆောက်လုပ်ရန်နှင့် ရေအသုံးပြုနိုင်ရန် ပန်းထိန်းမန်းချောင်းရေကိုပေးဝေထားပြီး ဇန်နဝါရီလ ၃၁ ရက်မှစ၍ နွေစပါးများပျိုးထောင်ရန်နှင့်ဘုရားပွဲတော်အတွက် မန်းချောင်းတမံဆည်ရေမှ ပေးဝေနေပြီဖြစ်ရာ မန်းချောင်းတစ်လျှောက် ရေအနည်းငယ်တိုးလာမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေးနှင့် တည်းခိုဆောင်များ၊ အပန်းဖြေဆင်စခန်းများတွင် အဆင်ပြေစေရေး ဘုရားပွဲတော်ကာလတစ်လျှောက် ဆည်ရေကို ပုံမှန်ရေပေးဝေသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ် မိုးရာသီတွင် ဆည်အတွင်း ရေဝင်ရောက်မှုများပြားပြီး ဆည်ရေအပြည့်အဝရရှိခဲ့သည့်အတွက် ရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

မန်းချောင်းရေလှောင်တမံဆည်မှ ငဖဲမြို့နယ်အတွင်း နွေစပါး ၁၂၇၁ ဧက၊ နွေနှမ်း ၄၃၂ ဧက စိုက်ပျိုးရန်နှင့် မင်းဘူးမြို့နယ် အိုင်းမဆည်ရေသောက်မှ နွေနှမ်း ဧက ၁၇၂၀၀ နှင့် တခြားနွေသီးနှံများ စိုက်ပျိုးရန် ဆည်ရေစတင်ပေးဝေမည့် မတ်လ ၁၅ ရက်မှစတင်ပြီး ဆည်ရေတိုး၍ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

ထန်းတပင်မြို့နယ်၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၃၁ ရက်က ထန်းတပင်မြို့နယ် အမှတ် (၂) ရပ်ကွက်၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးထင်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက သင်တန်းဖွင့်လှစ် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးထင်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့်တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသားများကို ဆုများအသီးသီးပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးဖြိုးဝေစိုးက ပေးအပ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ သင်တန်းနည်းပြလေးဦးဖြင့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းနည်းပညာများကို တစ်လကြာစာတွေ့လက်တွေ့သင်ကြားပို့ချပေးခြင်းဖြစ်ပြီး သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသား ၄၃ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

တောင်တွင်းကြီးမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁


မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီလ ၃၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏တန်ဖိုးနှင့်အရေးပါပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရများ၊ ပြည်ထောင်စုနေ့နှင့် ပတ်သက်သည့်ဗဟုသုတများကို လေ့လာသိရှိနိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား အခမ်းအနားဖြင့် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

နောင်နောင်(ဗိသနိုးမြေ)



စစ်တွေမြို့ပေါ်ရှိ ရှေးဟောင်းဘုရား၊ စေတီ၊ သိမ်ကျောင်းဆောင်များနှင့် အဆောက်အအုံများအား ပြန်လည်ပြုပြင်ပြီးစီး၍ ရေစက်ချမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက်နံနက်ပိုင်းတွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး ရင်ပြင်တော်၌ ကျင်းပသည်။

စစ်တွေ ဖေဖော်ဝါရီ ၁

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် စစ်တွေမြို့ပေါ်ရှိ ရှေးဟောင်းဘုရား၊ စေတီ၊ သိမ်ကျောင်းဆောင်များနှင့် အဆောက်အအုံများအား ပြန်လည်ပြုပြင်ပြီးစီး၍ ရေစက်ချမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက်နံနက်ပိုင်းတွင် စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ဆက်လက်၍ အခမ်းအနားသို့ ကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းအမှူးပြုသော ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍အခမ်းအနားဖွင့်လှစ်သည်။ ထို့နောက် စစ်တွေမြို့ ကြဖြူကျောင်းတိုက် ပဓာနနာယကဘဒ္ဒန္တဇေဝန္တ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သံဃာတော်အရှင်သူမြတ်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီးမြို့နယ်သြဝါဒစရိယစစ်တွေမြို့ပညာလက်ာရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂိန္ဒ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များအား စစ်တွေမြို့ပေါ်ရှိ သာသနိကအဆောက်အအုံများပြုပြင်ထိန်းသိမ်းရေးအဖွဲ့များမှ တာဝန်ရှိသူများက စစ်တွေမြို့ပေါ်ရှိ ရှေးဟောင်းဘုရား၊ စေတီ၊ သိမ်ကျောင်းဆောင်များနှင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုနှင့်ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းများကို ရှင်းလင်းလျှောက်ထားတင်ပြကြောင်း သိရသည်။

တင်ထွန်း

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့်ဆောင်းပါးပြိုင်ပွဲကျင်းပ

မြိတ် ဖေဖော်ဝါရီ ၁

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့်ဆောင်းပါးပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "စည်းလုံးညီညာ ပြည်သာယာ"၊ ကဗျာပြိုင်ပွဲတွင် "တို့ပြည်ထောင်စု"၊ ပန်းချီပြိုင်ပွဲတွင် "စည်းလုံးညီညာပြည်သာယာ"၊ ဆောင်းပါးပြိုင်ပွဲတွင် "ညီညွတ်မှုဖြင့် ပြည်ထောင်စုတည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "သွေးစည်းချစ်ကြည် လက်တွဲညီ"၊ ကဗျာပြိုင်ပွဲတွင် "ပြည်ထောင်စုနေ့တို့မမေ့"၊ ပန်းချီပြိုင်ပွဲတွင် "သွေးစည်းချစ်ကြည်လက်တွဲညီ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊



ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်သည်။

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၃ ဦး၊ ကဗျာပြိုင်ပွဲတွင် ၁၁ ဦး၊ ပန်းချီပြိုင်ပွဲတွင် ခုနစ်ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ခြောက်ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၆ ဦး၊ ကဗျာပြိုင်ပွဲတွင် ၁၂ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၁၄ ဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ပြီး အဆိုပါပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများအသီးသီးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

ကန့်ဘလူမြို့နယ်၌ ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ကန့်ဘလူ ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကလေးငယ်များကျန်းမာသန်စွမ်းစေရေးနှင့်ကူးစက်ရောဂါဖြစ်ပွားမှုမှကင်းဝေးစေရန် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ ၁ ရက်နံနက် ၉ နာရီတွင် ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များရှိ ကလေးငယ်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ကြက်ညှာ၊ မေးခိုင်၊ဦးနှောက်အမြှေးရောင်၊ငါးမျိုးစပ်ကာကွယ်ဆေး၊ အသည်းရောင်အသား၀ါ (ဘီ)ပိုးကာကွယ်ဆေး၊ ပိုလီယို အကြောသေ၊ ဝက်သက်၊ ကျိုက်သိုး၊ ဝမ်းပျက်ဝမ်းလျှောရိုတာ)ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့်ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများထိုးနှံခြင်းကို ဆောင်ရွက်ပေးသည်။

ကလေးငယ် ၁၅၆ ဦးနှင့်ကိုယ်ဝန်ဆောင်မိခင်ခြောက်ဦးတို့အား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးကြောင်းနှင့် ကျန်ရှိနေသည့် ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



မြတ်နိုးဖွယ်ရာမြန်မာကဗျာ

ပြည်သူ့ရတနာ

* စစ်စစ်ဆေးဆေး၊ ချင့်မြော်တွေးမှ
ရေးခွင့်ပြန့်ကျယ်၊ လူမှုနယ်၏
ပြုဖွယ်ကိစ္စ၊ ဟူသမျှ၌
ချိန်ဆသုံးသပ်၊ နှလုံးမြတ်ဖြင့်
ဆုံးဖြတ်အမှန် လင်းပေလိမ့်။

* မေးမေးမြန်းမြန်း၊ ပြုဖွယ်မှန်း၍
ခွဲခြမ်းစိတ်ဖြာ၊ စူးစမ်းပါမှ
နည်းနာနိသယ၊ မှန်သမျှကို
ကြံဆရုပ်လုံး၊ အမှန်ထုံးဖြင့်
သုံးသပ်သဏ္ဌာန် ရှင်းပေလိမ့်။

* ကျွမ်းကျွမ်းကျင်ကျင်၊ လုပ်ငန်းခွင်ဝယ်
ကိုယ့်တွင်ရည်သွေး၊ ပြည့်အောင်မွေးလျက်
အရေးကိစ္စ၊ မှန်သမျှ၌
ပေါ့ဆမရှိ၊ သတိမလပ်
ရွက်ဆောင်တတ်မှ
မြင့်မြတ်ကျင့်မွန် ထင်းပေလိမ့်။

* စစ်စစ်ဆေးဆေး၊ မေးမေးမြန်းမြန်း
ကျွမ်းကျွမ်းကျင်ကျင်၊ လျင်လျင်မြန်မြန်
ကျသည့်ဝန်ကို
ကျေပွန်ပါမှ ထာဝရ။
ပြည်သူ့ဝန်ထမ်းကောင်းပီသ။
ပြည်သူ့ရတနာ ခေါ်ဆိုကြ။ ။

မြင်းမူမောင်နိုင်မိုး

သိုင်းရွိုက်ဟော်မုန်းနည်းသောရောဂါအကြောင်းသိကောင်းစရာ

Hypothyroidism ဟုခေါ်သော သိုင်းရွိုက်ဟော်မုန်းချို့တဲ့မှုသည် ကမ္ဘာတစ်ဝန်းရှိလူသားများတွင် အဖြစ်များသော ရောဂါတစ်ခုဖြစ်သည်။ သိုင်းရွိုက်ဟော်မုန်းချို့တဲ့သောရောဂါလက္ခဏာများ၏ သဘောသဘာဝသည် Hyperthyroidism ခေါ် သိုင်းရွိုက်ဟော်မုန်းများလွန်းခြင်းကြောင့်ဖြစ်သော ရောဂါလက္ခဏာများကဲ့သို့ သိသာထင်ရှားမှုမရှိခြင်းကြောင့် ဆေးရုံဆေးခန်းကို လာရောက်ပြသမှုနည်းပါးကြောင်း တွေ့ရသည်။ လက္ခဏာမပြနိုင်သော်လည်း မကုသဘဲထားပါက သိုင်းရွိုက်ဟော်မုန်းချို့တဲ့သော ရောဂါကြောင့် နောက်ဆုံးတွင် သိသိသာသာနာမကျန်းဖြစ်ပြီး ပြင်းထန်သောရောဂါနှင့်သေဆုံးနိုင်သည်။

အမေရိကန်သိုင်းရွိုက်အသင်း (ATA) ၏အဆိုအရ သိုင်းရွိုက်ရောဂါရှိသူများ၏ ၆၀ ရာခိုင်နှုန်းသည် ၎င်းတို့၏ရောဂါလက္ခဏာများကို သတိမထားမိကြောင်းနှင့် သိုင်းရွိုက်ဂလင်းမှ ဟော်မုန်းများထုတ်လုပ်မှုလျော့နည်းခြင်းကို ယေဘုယျလူဦးရေ၏ သုညမှ ၄ ရာခိုင်နှုန်းတွင်တွေ့ရသောကြောင့် အသိပညာပေးရန် အရေးကြီးပါသည်။ နှစ်စဉ် ဇန်နဝါရီလသည် သိုင်းရွိုက်ဆိုင်ရာရောဂါများနှင့် သိုင်းရွိုက်ကင်ဆာတို့ကို အသိပညာပေးသည့် Thyroid Awareness Month အဖျိုးသားသိုင်းရွိုက်အသိပညာပေးလဖြစ်ပြီး လူတစ်ဦးချင်းစီ၏ကျန်းမာရေးအပေါ် သိုင်းရွိုက်ရောဂါ၏သက်ရောက်မှုများကို အသိပညာပေးရန်ဖြစ်သည်။ သိုင်းရွိုက်ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းဖြင့် လူတစ်ဦးချင်းစီတိုင်းသည် သိုင်းရွိုက်ပြဿနာများ၏အစောပိုင်းလက္ခဏာများကို သတိပြုမိရန်၊ အချိန်မီဆေးကုသမှုခံယူရန်၊ တိကျသောရောဂါရှာဖွေမှုများနှင့် ထိရောက်သောကုသမှုအခွင့်အလမ်းများရရှိရန် ရည်ရွယ်ပါသည်။

သိုင်းရွိုက်ဂလင်းသည် လည်ပင်း၏အရှေ့ဘက်တွင် လိပ်ပြာပုံသဏ္ဌာန်ရှိသော လူတို့ခန္ဓာကိုယ်ဟော်မုန်းစနစ်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သိုင်းရွိုက်၏အခန်းကဏ္ဍမှာ သိုင်းရွိုက်ဟော်မုန်းများထုတ်လုပ်ရန်ဖြစ်သည်။ ဟော်မုန်းများကို သွေးထဲမှတစ်ဆင့် ခန္ဓာကိုယ်အနှံ့သယ်ဆောင်သွားပါသည်။ သိုင်းရွိုက်ဟော်မုန်းသည် ခန္ဓာကိုယ်၏ဇီဝဖြစ်စဉ်များစွာကို ထိန်းချုပ်ပေးသည်။ ဆဲလ်များနှင့်တစ်သျှူးများမှ နှလုံး၊ ဦးနှောက်၊ အသည်းနှင့်ကျောက်ကပ်ကဲ့သို့သော အင်္ဂါအစိတ်အပိုင်းများအထိ ခန္ဓာကိုယ်၏စနစ်များစွာတွင် အရေးပါသောဟော်မုန်းများဖြစ်သည်။ အထူးသဖြင့် အဖျိုးသမီးများကိုယ်ဝန်ဆောင်ချိန်တွင် ကလေးပုံမှန်ကြီးထွားမှုနှင့် ဦးနှောက်ဖွံ့ဖြိုးမှုအတွက် လုံလောက်သောသိုင်းရွိုက်ဟော်မုန်းပမာဏရှိရန်လိုအပ်သည်။ သိုင်းရွိုက်ဟော်မုန်းများလွန်းခြင်းသို့မဟုတ် နည်းလွန်းခြင်းတို့ကြောင့် အရေးကြီးသောကိုယ်တွင်းအင်္ဂါများ၏လုပ်ဆောင်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်ပြီး ရောဂါလက္ခဏာများဖြစ်ပေါ်စေသည်။

သိုင်းရွိုက်ဟော်မုန်းလျော့နည်းခြင်းကြောင့် ဖြစ်ပေါ်နိုင်သောရောဂါလက္ခဏာများ

သိုင်းရွိုက်ဟော်မုန်းလျော့နည်းခြင်းသည် အသက်အရွယ်မရွေး လူတိုင်းတွင်ဖြစ်နိုင်သော်လည်း အဖျိုးသမီးများနှင့် သက်ကြီးရွယ်အိုများတွင် ပိုအဖြစ်များသည်။ အဖျိုးသမီးများ၏တစ်သက်တာတွင် ရှစ်ယောက်မှာတစ်ယောက်သည် သိုင်းရွိုက်ပြဿနာများ ခံစားရတတ်ပါသည်။ ရောဂါလက္ခဏာများသည် ဟော်မုန်းလျော့နည်းမှုပမာဏပေါ်မူတည်ပြီး ပြောင်းလဲနိုင်သောကြောင့် တချို့အခြေအနေများတွင် သတိမပြုမိနိုင်ဘဲ ရောဂါရှာဖွေရန် ခက်ခဲနေနိုင်သည်။ အဖြစ်များသောလက္ခဏာများမှာ ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အလေးချိန်တက်ခြင်း၊ အအေးဒဏ်မခံနိုင်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆံပင်ပါးလာခြင်း၊ အမျိုးသမီးများတွင် ဓမ္မတာမမှန်ခြင်း၊ အရေပြားခြောက်သွေ့ခြင်းနှင့် မှတ်ဉာဏ်လျော့နည်းလာခြင်းတို့ဖြစ်နိုင်သည်။

"သိုင်းရွိုက်ဟော်မုန်းလျော့နည်းခြင်းသည် အသက်အရွယ်မရွေး လူတိုင်းတွင်ဖြစ်နိုင်သော်လည်း အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများတွင် ပိုအဖြစ်များသည်။ အမျိုးသမီးများ၏တစ်သက်တာတွင် ရှစ်ယောက်မှာတစ်ယောက်သည် သိုင်းရွိုက်ပြဿနာများ ခံစားရတတ်ပါသည်။ ရောဂါလက္ခဏာများသည် ဟော်မုန်းလျော့နည်းမှုပမာဏပေါ်မူတည်ပြီး ပြောင်းလဲနိုင်သောကြောင့် တချို့အခြေအနေများတွင် သတိမပြုမိနိုင်ဘဲ ရောဂါရှာဖွေရန်ခက်ခဲနေနိုင်သည်။ အဖြစ်များသောလက္ခဏာများမှာ ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အလေးချိန်တက်ခြင်း၊ အအေးဒဏ်မခံနိုင်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆံပင်ပါးလာခြင်း၊ အမျိုးသမီးများတွင် ဓမ္မတာမမှန်ခြင်း၊ အရေပြားခြောက်သွေ့ခြင်းနှင့် မှတ်ဉာဏ်လျော့နည်းလာခြင်းတို့ဖြစ်နိုင်သည်. . ."

ဤအခြေအနေများသည် အများအားဖြင့် သိုင်းရွိုက်ဟော်မုန်းလျော့နည်းသဖြင့် ခန္ဓာကိုယ်တွင်းဇီဝဖြစ်ပျက်မှုနှုန်းနည်းပါးခြင်းကြောင့်ဖြစ်သည်။ လူတချို့တွင် စိတ်အခြေအနေပြောင်းလဲခြင်းနှင့် စိတ်ဓာတ်ကျခြင်းကြောင့် စိတ်ရောဂါကုဆရာဝန်နှင့် ပြဿရောဂါရှာဖွေသောအခါမှ သိုင်းရွိုက်ဟော်မုန်းနည်းကြောင်း တွေ့ရသည်။

သိုင်းရွိုက်ဟော်မုန်းလျော့နည်းခြင်း၏ နောက်ဆက်တွဲပြဿနာမှာ သွေးတွင်းကိုလက်စထရောတက်ခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ အရိုးပွရောဂါနှင့် အရိုးကျိုးခြင်းပြဿနာများပါဝင်သည်။ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများတွင် အသိမှတ်ဉာဏ်လျော့နည်းခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေများသည်။ သိုင်းရွိုက်ဟော်မုန်းနည်းပါးခြင်းသည် သားဥအိမ်မျိုးဥကြွေခြင်းကိုထိခိုက်စေသောကြောင့် တစ်ခါတစ်ရံ အမျိုးသမီးများတွင် မျိုးဆောင်နိုင်စွမ်းလျော့နည်းနိုင်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ဘဲမီးဖွားခြင်းနှင့် ကလေးများတွင် ပြင်းထန်သောဉာဏ်ရည်ဉာဏ်သွေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများဖြစ်စေသည်။

သိုင်းရွိုက်ရောဂါရှာဖွေစစ်ဆေးခြင်း

Hypothyroidism ဟုခေါ်သော သိုင်းရွိုက်ဟော်မုန်းချို့တဲ့သောရောဂါတွင် အဓိကအားဖြင့် သွေးထဲတွင် သိုင်းရွိုက်လှုံ့ဆော်ဟော်မုန်း (TSH) ပမာဏ ပုံမှန်အတိုင်းအတာထက်မြင့်မားမှုနှင့်အတူ သိုင်းရွိုက်ဟော်မုန်း (T3 သို့မဟုတ် T4) ပမာဏ ပုံမှန်ထက်လျော့နည်းနေပါသည်။ သိုင်းရွိုက်ဂလင်းကို ပုံရိပ်ဖော်တွင် ပြောင်းလဲမှုများရှိသောကြောင့် ကျွမ်းကျင်သူဆရာဝန်နှင့်ပြသတိုင်ပင်သင့်ပါသည်။

သိုင်းရွိုက်ဟော်မုန်းလျော့နည်းခြင်း ဖြစ်နိုင်သောအကြောင်းရင်းများ

မျိုးရိုးလိုက်ခြင်းသည် Hypothyroidism ဖြစ်စေသည့် အဓိကအကြောင်းရင်းဖြစ်သည်။ မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်ကြောင့် နာတာရှည်သိုင်းရွိုက်ရောင်ရမ်းခြင်း၊ ကလေးမီးဖွားပြီးနောက်နှင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရပြီးနောက် သိုင်းရွိုက်ရောင်ခြင်း၊ လည်ပင်းကြီးရောဂါ သို့မဟုတ် သိုင်းရွိုက်ကင်ဆာကို ခွဲစိတ်ကုသမှုခံယူရခြင်း၊ ဓာတ်ရောင်ခြည်ကုထုံးနှင့် ပတ်ဝန်းကျင်ဓာတ်ရောင်ခြည်ခံယူရခြင်း၊ ရေဒီယိုသတ္တိကြွအိုင်အိုဒင်းကုသမှုခံယူရခြင်း၊ ပစ်ကျူထရီဂလင်းတွင်အကျိတ်ဖြစ်ခြင်း သို့မဟုတ် ရောင်ရမ်းခြင်းနှင့် တချို့သောဆေးဝါးများ (Amiodarone၊ Lithium၊ Tyrosine kinase inhibitors) အသုံးပြုခြင်းတို့ပါဝင်သည်။ သွေးထဲရှိ အိုင်အိုဒင်းပမာဏကွာခြားချက်သည် Hypothyroidism ၏ အဖြစ်များနှုန်းအပေါ် ကြီးစွာသောသက်ရောက်မှုရှိသည်။ ပြင်းထန်သောအိုင်အိုဒင်းချို့တဲ့သူများတွင် Hypothyroidism ကို ပို၍တွေ့ရလေ့ရှိသကဲ့သို့ အိုင်အိုဒင်းလုံလောက်သောသူများတွင် အိုင်အိုဒင်းအလွန်အကျွံစားသုံးခြင်းသည်လည်း သိုင်းရွိုက်ဟော်မုန်းပေါင်းစပ်မှုကိုဟန့်တားနိုင်ပြီး Hypothyroidism ဖြစ်နိုင်ခြေကို တိုးစေသည်။

မွေးရာပါသိုင်းရွိုက်ဟော်မုန်းနည်းသောရောဂါ

ကမ္ဘာတစ်ဝန်းတွင် မွေးကင်းစကလေးငယ် ၃၀၀၀ တွင် တစ်ဦးခန့်သည် မွေးရာပါသိုင်းရွိုက်ဟော်မုန်းနည်းသောရောဂါဖြစ်ပွားကြောင်း တွေ့ရသည်။ သိုင်းရွိုက်ဟော်မုန်းချို့တဲ့ခြင်းသည်မွေးကင်းစကလေးများတွင် အဖြစ်အများဆုံးဉာဏ်ရည်မသန်စွမ်းမှု၏ အကြောင်းရင်းဖြစ်ပြီး ကြိုတင်ကာကွယ်နိုင်သော ရောဂါတစ်ခုဖြစ်သည်။ မွေးရာပါသိုင်းရွိုက်ဟော်မုန်းနည်းသောရောဂါဖြစ်ပွားမှု၏ ၆၅ ရာခိုင်နှုန်းသည် သိုင်းရွိုက်ဖွံ့ဖြိုးမှုဆိုင်ရာ ချို့ယွင်းချက်များကြောင့်ဖြစ်သည်။ မျိုးရိုးဗီဇများသည် သိုင်းရွိုက်ဖွံ့ဖြိုးမှုဖြစ်စဉ်များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် တခြားကိုယ်တွင်းအင်္ဂါစနစ်များကိုလည်း မကြာခဏထိခိုက်ပါသည်။ ကျန်သော ၃၅ ရာခိုင်နှုန်းမှာ မူလမွေးရာပါသိုင်းရွိုက်ဖွံ့ဖြိုးမှု ပုံမှန်ဖြစ်သော်လည်း သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်မှုအဆင့်များဖြစ်သော အိုင်အိုဒင်းစုပ်ယူမှု၊ စုစည်းမှု၊ ပေါင်းစပ်မှု၊ သိုလှောင်မှုနှင့် ထုတ်လွှတ်မှုချို့ယွင်းနေကြောင်း တွေ့ရသည်။ နိုင်ငံအများစုတွင် မူလမွေးရာပါ Hypothyroidism ဖြစ်ပွားမှုအများစုကို ကုသမှုနှောင့်နှေးခြင်းမှ ကာကွယ်ရန် မွေးကင်းစကလေးသွေးထဲတွင် သိုင်းရွိုက်လှုံ့ဆော်ဟော်မုန်း (TSH) ပမာဏစစ်ဆေးမှုပြုလုပ်ပြီး ပုံမှန်သိုင်းရွိုက်လုပ်ဆောင်ချက်ကို အတည်ပြုသည်။ ပုံမှန်မဟုတ်သောစစ်ဆေးမှုရလဒ်ကို ချက်ချင်းပြသ၍ ကုသမှုကိုအမြန်ဆုံးစတင်သည်။ ထို့နောက်တွင် ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်မှုကို အချိန်တိုအတွင်း ပြန်လည်စမ်းသပ်သည်။

သိုင်းရွိုက်ဟော်မုန်းနည်းသော ရောဂါကိုကုသခြင်း

ရောဂါလက္ခဏာများကိုသက်သာရာရစေရန် သိုင်းရွိုက်ဟော်မုန်းပမာဏကို မြှင့်တင်နိုင်သည့် ဟော်မုန်းအစားထိုးဆေး (Thyroxine)ကို အသုံးပြုလေ့ရှိသည်။ သိုင်းရွိုက်ဟော်မုန်းဆေးသောက်ရာတွင် သတိထားရန်အချက်မှာ နံနက်စာမစားမီ မိနစ် ၃၀ မှ မိနစ် ၆၀ ကြိုတင်သောက်ရန်နှင့် ရေဖြင့်သာသောက်ရန်ဖြစ်ပါသည်။ သိုင်းရွိုက်ရောဂါအများစုသည် သင့်လျော်သောဆေးကုသမှုဖြင့် အသက်ရှည်နိုင်ပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ရောဂါရှာဖွေစစ်ဆေးရန်နှင့် စောစီးစွာကုသရန်အရေးကြီးသည်။ သိုင်းရွိုက်ဟော်မုန်းလျော့နည်းသောရောဂါရှိသည့် အမျိုးသမီးများတွင် ကိုယ်ဝန်ရှိနေပါက ဟော်မုန်းရောဂါကုသသောဆရာဝန်နှင့်စောစောတိုင်ပင်ပါ။ ကိုယ်ဝန်ဆောင်စဉ်အတွင်း သိုင်းရွိုက်ဟော်မုန်းပမာဏကို အနီးကပ်စောင့်ကြည့်ခြင်းဖြင့် ပုံမှန်သန္ဓေသားဖွံ့ဖြိုးမှုကို အားပေးပြီး ကိုယ်ဝန်ပျက်ကျနိုင်ခြေကို လျော့ချပေးနိုင်ပါသည်။

အချုပ်ဆိုရသော် အကောင်းဆုံးသောသိုင်းရွိုက်လုပ်ဆောင်ချက်အတွက် မျှတသောအာဟာရ၊ ပုံမှန်လေ့ကျင့်ခန်း၊ ကျန်းမာသောလူနေမှုပုံစံကိုကျင့်သုံးရန်နှင့် စိတ်ဖိစီးမှုကိုစီမံခန့်ခွဲရန် အရေးကြီးသည်။ နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုများတွင် သိုင်းရွိုက်ကို စစ်ဆေးရန်လိုအပ်ပါသည်။ သိုင်းရွိုက်ကျန်းမာရေးကောင်းမွန်စေရန် သိုင်းရွိုက်လုပ်ဆောင်ချက်အတွက် မရှိမဖြစ်လိုအပ်သော အိုင်အိုဒင်း၊ ဆီလီနီယမ်၊ မဂ္ဂနီဆီယမ်နှင့် ဇင့်ဓာတ်များ မျှတသောအစားအစာများကို စားပေးရန် လိုအပ်ပါသည်။ သိုင်းရွိုက်ပြဿနာများရှိလျှင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် တစ်ဦးချင်းအလိုက် သင့်လျော်သောကုသမှုပုံစံရွေးချယ်မှုများ၊ လူနေမှုပုံစံပြုပြင်ပြောင်းလဲမှုများကို ဆွေးနွေးရန်လိုအပ်ကြောင်း အလေးပေးဖော်ပြအပ်ပါသည်။

ဒေါက်တာသိဂီကျော်

ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ထားဝယ် ဖေဖော်ဝါရီ ၁

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ကျောင်းဝင်းအတွင်း ကျောင်းဆောင်အသစ်ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်မြို့တော်ခန်းမအဆောက်အအုံတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အဆောက်အအုံအသစ် ဆောက်လုပ်နေမှုအခြေအနေများ၊ ထားဝယ်မြို့တော်ခန်းမ လမ်းခင်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများဆောင်ရွက်နေမှု၊ ကားပါကင်တည်ဆောက်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မြေကာနံရံတည်ဆောက်နေမှု၊ အဝင်လမ်းကို Box Culvert နှစ်စင်းတည်ဆောက်ခြင်း၊ အုတ်စီရေမြောင်းနှင့်ရေမြောင်းဖုံးပြုလုပ်နေမှု၊ လျှပ်စစ်လုပ်ငန်း၊ ရေသန့်လုပ်ငန်းများ၊ အဆောက်အအုံပြင်ပဆက်စပ်လုပ်ငန်းများနှင့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက သတ်မှတ်အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းပြောကြားပြီး အဆောက်အအုံအတွင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတည်ဆောက်နေသည့် ခန်းမကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမြောကင်းလမ်း နိဗ္ဗာန်လမ်းဆုံမှ ပုံကျွန်းလမ်းဆုံကြားလမ်းဘေး ဝဲ/ယာ ရေမြောင်းပါပလက်ဖောင်းပြုလုပ်နေမှု၊ ကမြောကင်းလမ်း ပုံကျွန်းလမ်းဆုံမှ အောင်ဇေယျလမ်းဆုံအထိလမ်းဘေး ဝဲ/ယာ ရေမြောင်းပါပလက်ဖောင်းပြုလုပ်နေမှု၊ ကမြောကင်းလမ်း အောင်ဇေယျလမ်းဆုံမှ ဆန်းချီလမ်းဆုံအထိလမ်းဘေးဝဲ/ယာ ရေမြောင်းပါပလက်ဖောင်းပြုလုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။


ကျော်ကျော်လတ်

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ဘွဲ့လွန်ပညာရေးဒီပလိုမာသင်တန်းဖွင့်ပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၁

စစ်ကိုင်းပညာရေးတက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ဘွဲ့လွန်ပညာရေးဒီပလိုမာသင်တန်းအပတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က သင်တန်းသို့တက်ရောက်လာကြသည့်သင်တန်းသား၊သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးမည့်ဘာသာရပ်များကို ကြိုးစားသင်ယူသွားကြစေလိုကြောင်း၊ သင်တန်းဆင်းပြီးပါကလည်း မိမိတို့ကျရာနယ်ပယ်အသီးသီးရှိကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် မွေးထုတ်ပေးနိုင်သော ဆရာ၊ ဆရာမများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ၊ နိုင်ငံတကာသင်ရိုးကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းတည်ထောင်အုပ်ချုပ်သူများ တက်ရောက်ပြီး သင်တန်းကာလကိုးလကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

မိတ္ထီလာ ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် စက်ရေတွင်းတူးဖော်ခြင်း၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိမိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးလက်ရေရှိရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၇ ဒသမ ၆၈ သန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ ဝမ်းတွင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၄ ဒသမ ၇၄ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ သာစည်မြို့နယ်ရှိ ကျေးရွာသုံးရွာတွင် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၂၅ ဒသမ ၆၆ သန်းဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါအဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မိတ္ထီလာခရိုင်အတွင်းရှိကျေးရွာခုနစ်ရွာမှ အိမ်ခြေ ၁၂၀၉ လုံး၊ လူဦးရေ ၄၉၉၄ ဦးတို့မှာ ရာသီမရွေးသောက်သုံးရေအဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

အောင်စေနိုင်စေ တောင်းဆုခွဲခြေ

* တပ်မတော်သည်၊ ပြည်သူကဖွား ပြည်သူ့သားမို့၊ ပြည့်အားကာကွယ်ရန်စွယ်ခပင်း၊ တိုက်ထုတ်ရင်းဖြင့် အောင်ခြင်းမင်္ဂလာ ရပါစေ။
* တပ်မတော်သည်၊ တိုင်းပြည်၏သားသွေးသက်များမို့၊ အားသုံးထောင်လွှားရန်သူများကို၊ ထွားထွားညက်ချေမှုန့်မှုန့်ကြေအောင်၊ အောင်မြေရည်မှန်း တိုက်နိုင်စွမ်းကြောင့် အောင်ပန်းပန်စေ နိုင်ပါစေ။
* တိုင်းပြည့်မျက်နှာ၊ အချုပ်ခြာကို ခန္ဓာအသက်၊ စွန့်လှူရက်သော ပြည့်တွက်ကြိုးပမ်း၊ ပြည်ချစ်ပန်းတို့ ရွှင်လန်းပါစေ၊ အောင်တေးဝေကာ အောင်ဇေယျတု၊ ခါခါပြုသည့် အောင်ဆုကိုယ်စီ ရပါစေ။
* သူပုန်မျိုးသည်၊ နိုင်ရိုးမရှိ ပကတိမို့၊ အမိမြန်ပြည် အေးချမ်းစည်အောင်၊ နောင်ရည်မြော်တွေး တိုက်ထုတ်ပေးလို့ အောင်ရေးစုံညီ ရပါစေ။
* ပြည့်သားအမွန်၊ ပြည့်ရည်ချွန်တို့ တံခွန်လွှင့်မူ၊ အောင်လံထူကာ ရန်သူချေမှုန်း၊ အောင်နိုင်ထုံးဖြင့် အပြုံးဝေစည်၊ ပြန်လာမည်ကို အောင်စည်ရွှမ်းကာ၊ ကြိုလင့်ပါသည် အောင်ပါစေကြောင်း အောင်စေကြောင်း။ ။

အောင်မင်းကျော်(ပညာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂-၂-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ဝ၆:၀၂	နိုင်ငံတော်သီချင်း	၈။ ၁၃:၀၀	အိုဘယ်သခင်
၂။ ဝ၆:၁၅	မေတ္တာပို့		တေးနယ်ဉ်
၃။ ဝ၇:၂၅	မမှုပုဇောတေး	၉။ ၁၄:၀၀	သတင်းသုံးသပ်ချက်
၄။ ဝ၉:၀၀	အမှတ်တရ	၁၀။ ၁၅:၀၀	ဇာတ်လမ်းတို
	နေ့ရက်များ	၁၁။ ၁၆:၀၀	နိုင်ငံတကာသတင်း
၅။ ၁၀:၀၀	မြန်မာသံစဉ်ချိုနှင်းဝင်	၁၂။ ၁၇:၀၀	ယဉ်ကျေးလိမ္မာ
၆။ ၁၁:၀၀	နိုင်ငံတော်	၁၃။ ၁၈:၀၀	နယ်လှုပကျန်းမာဖို့
	အတွက်အား		လမ်းလျှောက်ကြပါစို့
	MSME လုပ်ငန်းများ	၁၄။ ၁၉:၀၀	(၃၈)ဖြာမင်္ဂလာ
၇။ ၁၂:၀၀	Weekly National		အရိယာသစ္စာနေ
	News		ဒဿနံ

“ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွေကတစ်ဆင့် နည်းပညာတွေဖြန့်ဝေပေးနိုင်ခြင်းကြောင့် နိုင်ငံရဲ့ကုန်ထုတ်စွမ်းအားတိုးတက်လာပြီး လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေမှာဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်မှာဖြစ်ပါတယ်”

ဦးတင်လှ (တိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့)

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပွါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်–

ဦးမောင်ကြီး (စီးပွားရေးရာဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)



ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ ပြခန်းပြင်ဆင်ရေးလုပ်ငန်းတွေကို ဖေဖော်ဝါရီလ ၅ ရက်မှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြခန်းအပြင်ဘက်မှာ ကျွန်တော်တို့ တိုင်းဒေသကြီးမှာရှိတဲ့ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့တွေရဲ့ မြို့ပြမှတ်တမ်းဓာတ်ပုံတွေ၊ မြိတ်ကျွန်းစုအလှတွေ၊ ထားဝယ်ရိုးရာ ရေအိုးရွက်အကဓာတ်ပုံတွေကို ပြသသွားမှာဖြစ်ပါတယ်။ ပြခန်းအတွင်းထဲမှာ ပြည်ပပို့ကုန်နဲ့ OROP ထုတ်ကုန်တွေ၊ တနင်္သာရီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ပုလဲအမျိုးမျိုး၊ ဒေသတွင်းကုန်ကြမ်းသုံး တန်ဖိုးမြှင့်ထုတ်ကုန်တွေ၊ စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့် ထုတ်ကုန်တွေပါဝင်မှာဖြစ်ပါတယ်။ လုပ်ငန်းရှင် ၁၀ ဦးရဲ့ ထုတ်ကုန်ပစ္စည်း ၆၆ မျိုးကို ခင်းကျင်းပြသရောင်းချသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ အခုပြပွဲ၊ ပြိုင်ပွဲမှာ ပြည်ပပို့ကုန်နဲ့ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (OROP) လုပ်ငန်းတွေကို အလေးထားပြသရောင်းချနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီး MSME လုပ်ငန်းတွေအနေနဲ့ အခုလိုပြပွဲ၊ ပြိုင်ပွဲတွေကိုဝင်ရောက်ပြသယှဉ်ပြိုင်တဲ့အတွက် တိုင်းဒေသကြီးအတွင်းက MSME လုပ်ငန်းရှင်တွေဟာ စွေးကွက် ချိတ်ဆက်မှု၊ ဒေသတစ်ခုနဲ့ တစ်ခု အပြန်အလှန်ကူးသန်းရောင်းဝယ်နိုင်မှု၊ နည်းပညာနဲ့သတင်းအချက်အလက်တွေ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်ပါတယ်။

ဦးတင်လှ (တိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့)



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ရခိုင်ပြည်နယ်က ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်အမယ် ၅၆ မျိုး၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်အမယ်သုံးမျိုး၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်အမယ်တစ်မျိုး၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) အမယ် ၃၂ မျိုး စုစုပေါင်း အမယ် ၉၂ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ကိုယ်စားပြု MSME ထုတ်ကုန်ပြခန်းမှာ ဒေသထွက်ထုတ်ကုန်ပစ္စည်းတွေပါဝင်ပြသနိုင်ဖို့အတွက် လုပ်ငန်းရှင်တွေကိုတွေ့ဆုံပြီး ထုတ်ကုန်ပြပွဲပါဝင်ပြသခြင်းအားဖြင့် ရရှိမယ့်အကျိုးကျေးဇူးတွေကို ရှင်းလင်းပြောကြားတာ၊ ပြခန်းပြင်ဆင်ရေးအတွက် ပြည်နယ် MSME Agency အတွင်းရေးမှူးကို ကြိုတင်စေလွှတ်ပြီး ကြီးကြပ်ဆောင်ရွက်စေတာ၊ ရိုးရာစားသောက်ခန်းမှာ ရခိုင်ရိုးရာမုန့်တီရောင်းချနိုင်ဖို့အတွက် သန့်ရှင်းသပ်ရပ်ပြီး အရသာကောင်းမွန်တဲ့ ရခိုင်မုန့်တီရောင်းချသူတွေကို ချိတ်ဆက်ပြီး စွေးနှုန်းသင့်တင့်စွာရောင်းချနိုင်ဖို့ ညှိနှိုင်းတာတွေဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြိုင်ပွဲမှာ ရခိုင်ပြည်နယ် ကိုယ်စားပြု လုပ်ငန်းရှင်နှစ်ဦး ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အငယ်စား (Small) စီးပွားရေးလုပ်ငန်းပြိုင်ပွဲမှာ “ဟိန်းရွှေရောင်” ဓနိဖူးလက်ဖက်ခြောက်လုပ်ငန်း၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) ပြိုင်ပွဲမှာ ရခိုင်ရိုးရာရက်ကန်းလုပ်ငန်းဖြစ်တဲ့ “ရွှေကျား” ရက်ကန်းလုပ်ငန်းက ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ဒီလို ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေက လုပ်ငန်းရှင်တွေ တွေ့ဆုံပြီး စွေးကွက်ပိုမိုချဲ့ထွင်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်လာမှာဖြစ်ပါတယ်။ MSMEလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေခြင်းဖြင့် ဒေသရဲ့လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်လာမယ်။ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းစွေးကွက်မှာသာမက ပြည်ပစွေးကွက်တွေကိုပါ ပိုမိုချဲ့ထွင်ဆောင်ရွက်နိုင်တာနဲ့ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ်။ ပြည်တွင်းကုန်ကြမ်းတွေကို အသုံးပြုပြီး ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်ပစ္စည်းတွေ ပိုမိုထုတ်လုပ်လာနိုင်ခြင်းကြောင့် နိုင်ငံခြားသုံးငွေလျော့ချနိုင်လာမယ်။ ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွေက တစ်ဆင့် နည်းပညာတွေ ဖြန့်ဝေပေးနိုင်ခြင်းကြောင့် နိုင်ငံရဲ့ကုန်ထုတ်စွမ်းအား တိုးတက်လာပြီး လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေမှာဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။

ဦးမျိုးလွင်(ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)



MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ခေါင်းစဉ် ၅ မျိုးနဲ့ ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းရှင် ၁၃ ဦးက ခင်းကျင်းပြသမှာဖြစ်ပြီး သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းရှင် ၄ ဦးက လာရောက်ပြသမှာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးအခြေခံ ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းရှင် ၄ ဦး၊ ပြည်ပပို့ကုန်အနေနဲ့ လုပ်ငန်းရှင် ၁ ဦး၊ One Region One Product ဒေသတစ်ခုထုတ်ကုန်တစ်ခုအနေနဲ့ လုပ်ငန်းရှင် ၁၀ ဦးက လာရောက်ပြသကြမှာဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် အသေးစားလုပ်ငန်းရှင် ၃ ဦး၊ အငယ်စားလုပ်ငန်းရှင် ၃ ဦး၊ အလတ်စားလုပ်ငန်းရှင် ၃ ဦးတို့က ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်တွေအနေနဲ့ ဝိုင်၊ စားသောက်ကုန်လုပ်ငန်း၊ ဝါးလက်မှုလုပ်ငန်း၊ ဒေသထွက်ကုန်တွေဖြစ်တဲ့ လက်ဖက်၊ ထောပတ်၊ ကော်ဖီ၊ တိုင်းရင်းဆေး၊ ရိုးရာအဝတ်အထည်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်း စုစုပေါင်း ထုတ်ကုန် အမျိုးအစား ၁၆၀၀၀ ကျော်ကို လုပ်ငန်းရှင် ၇၅ ဦးတို့က လာရောက်ပြသရောင်းချမှာဖြစ်ပါတယ်။

ထူးခြားမှုအနေဖြင့် ဝါးကို အခြေခံတဲ့ အဆောက်အအုံ၊ ပရိဘောဂ၊ လက်မှုပစ္စည်းကို ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ ဒေသထွက်အစားအစာတွေဖြစ်တဲ့ ဝက်သားချဉ်၊ ကြက်သားချဉ်၊ ရှမ်းခေါက်ဆွဲ၊ ကောက်ညှင်းကျည်တောက်၊ ဒေသထွက်ကော်ဖီ၊ ပင်မည့်ဖျော်ရည်၊ ခေါပုတ်ကြော်၊ ခနုထမင်းဟင်း၊ တိုဟူးနွေး အပါအဝင် ဒေသထွက်ရိုးရာအစားအစာတွေကို ပြသရောင်းချသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် MSME ပြခန်း တည်ဆောက်ရေးက ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ် Logo၊ ပြည်နယ်အထိမ်းအမှတ်သင်္ကေတ အိုးစည်၊ ဝါးလက်မှုလုပ်ငန်း၊ လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်ကြော်ငြာတွေနဲ့ပြခန်းကို အလှဆင်ဆောင်ရွက်မှာဖြစ်ပါတယ်။

MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲက လုပ်ငန်းရှင်တွေအတွက် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးလာရင် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မယ့်အပြင် ဒေသထွက်ကုန်ကြမ်းတွေကို ကုန်ချောအဖြစ် ဆောင်ရွက်နိုင်ခြင်းကြောင့် လုပ်ငန်းရှင်တွေအတွက် ဝင်ငွေတိုးတက်ရရှိလာပြီး ဒေသဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် ထုတ်ကုန်တွေကို အခြားဒေသက လုပ်ငန်းရှင်တွေ သိရှိနိုင်စေဖို့နဲ့ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်စေဖို့ ကျင်းပပေးတာဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးလည်း ရှမ်းပြည်နယ်ထုတ်ကုန်တွေကို သိရှိနိုင်စေဖို့ ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအဆင့် MSME ပြပွဲကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်လိုပါတယ်။ ။

ဓာတ်ပုံ–ဖိုးပြည့်စုံ

တွေ့ဆုံမေးမြန်း–ဝင်းဝင်းမင်း

● **ကျောဖုံးမှအဆက်**

လက်ရွေးစင်ဟောင်းအများစုဖြင့် ဖွဲ့စည်းထားသည့် ဒဂုံစတားယူနိုက်တက်အသင်းမှာမူ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့ပြီး ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် ဟံသာဝတီနှင့် ရန်ကုန်ယူနိုက်တက်တို့ကို ဖိအားပေးနိုင်ခဲ့သည်။

ဒဂုံစတားအသင်းသည် သိန်းသန်းဝင်း၊ မောင်မောင်ဝင်း၊ စွမ်းထက်၊ ဆွမ်လမန်၊ ကျော်ဇင်လွင်တို့ဖြင့် လူစုံအသုံးပြုခဲ့သလို ရှမ်းယူနိုက်တက်အသင်းကလည်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သော်လည်း နိုင်ငံခြားသားကစားသမား ငါးဦးအပါအဝင် အမာခံကစားသမားအများစုအသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက အပြန်အလှန်တိုက်စစ်ကစားခဲ့ပြီး ကစားကွက်စမ်းသပ်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ပုံမှန်ခြေစွမ်းရရန် ရုန်းကန်ခဲ့ရသည်။ ပထမပိုင်းတွင် ကျော်ဇင်လွင်၏ အပိုင်ကန်သွင်းခွင့်ကို ရှမ်းဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နိုင်ခဲ့သလို ရှမ်းယူနိုက်တက်အသင်းမှာ ဘာကာယိုကိုနှင့် ရင်တာရိုတို့၏ ဂိုးသွင်းခွင့်များလည်း လွဲချော်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲကာ တိုက်စစ်ဖြင့်ခဲ့သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို ဒဂုံစတားယူနိုက်တက် ဂိုးသမား ဇင်ညီညီအောင်ကရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၈ ပွဲကစား ရမှတ် ၅၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၈ ပွဲကစား ၃၇ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၈) စတုတ္ထနေ့ကို ဖေဖော်ဝါရီလ ၂ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Dagon Port အသင်းနှင့် ဇရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း–ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**



ပန်းပဲရွာမှာ အပ်ရောင်းမယ်

နိပါတ်တော်လာ သိမှတ်စရာ

သန့်သူရ



တစ်ခါက ဗာရာဏသီပြည်မှာ ဖြဟ္မဒတ်မင်းအုပ်စိုးစဉ်အခါက ဗာရာဏသီပြည်အနီးမှာ ပန်းပဲလုပ်ငန်းနှင့် အသက်မွေးတဲ့ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာကြီးဟာအိမ်ခြေတစ်ထောင်ရှိပြီး ပန်းပဲလုပ်ငန်းမှာ အလွန်ကျွမ်းကျင်ကြတယ်။ အဲဒီရွာကြီးအနီးမှာပဲ ပန်းပဲရွာငယ်လေးတစ်ရွာလည်းရှိတယ်။

ပန်းပဲရွာငယ်မှာ ပန်းပဲပညာကို အင်မတန်ကျွမ်းကျင်တဲ့ လူငယ်လေးတစ်ယောက်ရှိသတဲ့။ အဲဒီလူငယ်လေးဟာ ထူးဆန်းတဲ့အပ်တစ်ချောင်းကို အကောင်းစားသံမဏိနဲ့တီထွင်ပြုလုပ်ထားတယ်။ လူငယ်လေးတီထွင်ထားတဲ့အပ်ဟာ အလွန်သေးငယ်ပြီး အပ်အိမ်ခုနစ်ထပ်အတွင်းမှာ တည်ရှိနေတယ်။ အပ်အိမ်များဟာလည်း အလွန်ပါးလွှာပြီး နဖားပေါက်ပါရှိတဲ့အတွက် အပ်နှင့်တူညီနေတာပေါ့။ ပန်းပဲလူငယ်လေးဟာ မိမိရဲ့ အတတ်ပညာအစွမ်းကိုပြသလိုတာကြောင့် အိမ်ခြေတစ်ထောင်ရှိတဲ့ပန်းပဲရွာကြီးကို သွားရောက်လှည့်လည်ရောင်းချပါသတဲ့။

ရွာသားများက “လူငယ်လေး အပ်လုပ်နိုင်တဲ့ပန်းပဲရွာမှာ အပ်လာရောင်းခြင်းဟာ ရယ်စရာဖြစ်တယ်” လို့ ပြောဆိုကြတာပေါ့။ ဒါနဲ့ ပန်းပဲလူငယ်လေးဟာ ပန်းပဲဆရာကြီးရဲ့အိမ်သို့သွားရောက်ပြီး မိမိအပ်ထူးဆန်းပုံကို ပရိသတ်အလယ်မှာပြသလိုကြောင်း ပြောကြားပါတယ်။ ပန်းပဲဆရာကြီးလည်း သူ့အိမ်မှာ ပန်းပဲဆရာအားလုံးကို စုဝေးစေပြီး ပန်းပဲလူငယ်လေးကို သူ့ရဲ့အပ်ထူးဆန်းပုံကိုပြသစေပါတယ်။ လူငယ်လေးဟာ အပ်အိမ်တစ်ခုမှဆွဲထုတ်ပြီး ပရိသတ်က အပ်ဟုထင်နေစဉ်မှာပဲ နောက်ထပ်အပ်အိမ် တစ်ခုပြီးတစ်ခု ဆွဲချွတ်လိုက်သတဲ့။

နောက်ဆုံးဖြစ်တဲ့အပ်မှာ ဆံခြည်မျှင်သာသာရှိတဲ့ အလွန်သေးငယ်တဲ့ အပ်တစ်ချောင်းဖြစ်နေတာကို တွေ့ကြရတယ်တဲ့။ ပန်းပဲဆရာကြီးက “လူငယ်လေး သင်ပြသောအပ်သည် မည်သို့အစွမ်းသတ္တိရှိသနည်း” လို့မေးရာ ပန်းပဲလူငယ်လေးက ရေပြည့်သောခွက်တစ်ခုပေါ်မှာ ပေကိုတင်ထားပြီး ပေရဲ့အလယ်ကို အပ်ဖျားစိုက်၍ တူနဲ့ရိုက်ချလိုက်တဲ့အခါ အပ်ဟာ ပေကို ဖောက်ဝင်ကာ ရေပြင်ပေါ်ကျဆင်းပြီး ရောက်နေတာကို ပန်းပဲသမားအပေါင်းတို့ တွေ့မြင်လိုက်ကြရတယ်။ ဒါနဲ့ ပန်းပဲသမားအပေါင်းလည်း အလွန်အံ့သြသွားကြတယ်။ အဲဒီအခါ ပန်းပဲရွာမှာရှိနေကြတဲ့ ပရိသတ်အားလုံးက လူငယ်လေးကို ချီးကျူးဂုဏ်ပြုကြတယ်။ ပန်းပဲဆရာကြီးလည်း ပန်းပဲသမားလေးကို “လူငယ်လေး ပန်းပဲပညာကို မည်သို့တတ်မြောက်သနည်း” လို့မေးရာ လူငယ်လေးက “ဆရာကြီးခင်ဗျား အတတ်ပညာတစ်ခုကိုတတ်မြောက်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်၏။ ထိုအတတ်ပညာကို တိုးတက်အောင်ကြံဆောင်ခြင်းသည်လည်း ပို၍ပင်ကောင်းမြတ်ပေသည်။ သို့ဖြစ်၍ “အကျွန်ုပ်ကြိုးစားသင်ယူခဲ့ခြင်းကြောင့် ဖြစ်သည်”လို့ ပြောကြားတဲ့အခါ ပန်းပဲဆရာကြီးလည်း လူငယ်လေးရဲ့အရည်အချင်းကို အားကျနှစ်သက်သွားတာပေါ့။ ပန်းပဲဆရာကြီးလည်း သူ့ရဲ့သမီးနဲ့ ပန်းပဲလူငယ်လေးကို လက်ထပ်ထိမ်းမြားစေလိုက်ပါတယ်။

လောကမှာ အတတ်ပညာတတ်မြောက်ခြင်းဟာ မင်္ဂလာတစ်ပါးလို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့တယ်။ “သိပ္ပမင်္ဂလာ”အတတ်ပညာတစ်ခုခုကို တတ်မြောက်ခြင်းဟာ ကောင်းမြတ်သောမင်္ဂလာပဲဖြစ်ပါတယ်။ ဒါကြောင့် နိပါတ်တော်လာသိမှတ်စရာအနေနဲ့ ပညာရှာတဲ့အရွယ်မှာ အသိပညာ၊ အတတ်ပညာတွေကိုတတ်မြောက်အောင် သင်ကြားကြရမယ်။ ပန်းပဲရွာမှအပ်ရောင်းနိုင်တဲ့အထိ ထွန်းပေါက်အောင်ကြိုးစားကြရမှာဖြစ်ပါတယ်။ ။

ပြည်တွင်းဖြစ်ကို အားပေးပါ

လူငယ်ဖတ်စာ

မောင်ကျော်(ပညာရေး)

ဘိုးစဉ်ဘောင်ဆက်တောင်သူကြီးတွေပြောခဲ့တာကတော့ “အဝတ်ခြံပေါက်ဝတ်၊ အစားခြံပေါက်စား၊ နွားခြံပေါက်ခိုင်းရင်ကြီးပွားချမ်းသာတယ်၊ ဘယ်တော့မှမဆင်းရဲဘူး”တဲ့။ ဟိုးရှေးယခင်တောင်သူကြီးတွေက “အဝတ်ခြံပေါက်၊ အစားခြံပေါက်၊ နွားခြံပေါက်”နဲ့ပဲ တောင်သူလုပ်ငန်းလုပ်ကိုင်ရင်း ကြီးပွားချမ်းသာလာကြတာပါ။ ကြီးပွားချမ်းသာကြလို့လည်း တစ်ဦးတည်း ဘုရားတည်၊ ကျောင်းဆောက်၊ ဇရပ်ဆောက် လှူဒါန်းနိုင်ခဲ့ကြတာပေါ့။ အဲဒီလိုလှူဒါန်းနိုင်တာကတော့ “အဝတ်ခြံပေါက်၊ အစားခြံပေါက်၊ နွားခြံပေါက်”နဲ့ နေထိုင်တဲ့ မြန်မာ့လူနေမှုဓလေ့ကြောင့်ပါပဲ။

တောင်သူဆိုတာက ယာမြေမှာ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြရတာပါ။ ယာမြေမှာ မြေပဲနဲ့နှမ်းကို အဓိကအားထားပြီး စိုက်ပျိုးကြပါတယ်။

အခြား ဝါ၊ နှံစားပြောင်း၊ ပြောင်းဖူး၊ လူးဆပ်၊ ပဲမျိုးစုံစတဲ့အသီးအနှံတွေကိုတော့ ဝမ်းစာဖူလုံရုံပဲ စိုက်ပျိုးကြပါတယ်။ မြေပဲခင်း၊ နှမ်းခင်းတိုင်းရဲ့ ပတ်ပတ်လည် ခရိုးတန်းတွေမှာ ဝါပင်တွေကိုတန်းစီပြီး စိုက်ထားတယ်။ ဝါပင်တွေကထွက်တဲ့ဝါပေါက်တွေကို စုထားတာပေါ့။ စုလို့ရတဲ့ဝါပေါက်တွေကို အိမ်သူအမျိုးသမီးတွေက ဝါဖန်ဝါဖတ်ပြီး ဝါချည်မျှင်ရတဲ့အထိ လုပ်ကြတယ်။ ရလာတဲ့ဝါချည်မျှင်တွေကို ကိုယ်ကြိုက်တဲ့ အရောင်ရအောင် ဆေးဆိုးကြတယ်။ အခုကာလ



လို ဆိုးဆေးမရှိဘူး။ သစ်ပင်တွေကရတဲ့ သစ်ရွက်သစ်ခေါက်တွေကို အရည်ကျိုသင့်တာကျို၊ ရေစိမ်သင့်တာစိမ်ပြီး ရလာတဲ့အရည်ကို ဆိုးဆေးလုပ်ကြရတာပါပဲ။

အဲဒီကာလ အမျိုးသမီးအားလုံးနီးပါးက ရက်ကန်းခတ်တတ်ကြတယ်။ အိမ်တိုင်းလိုလိုမှာလည်း ရက်ကန်းစင်တွေရှိတယ်။ ကိုယ့်မိသားစုအတွက် အသုံးလိုတဲ့အဝတ်အထည်တွေရအောင် ကိုယ့်အိမ်မှာပဲရက်လုပ်ကြတာပေါ့။ ဝါချည်နဲ့ ရက်ကန်းရက်ထားတဲ့ အဝတ်အထည်တွေကိုပဲ ဝတ်ဆင်ကြတယ်။

အဲဒါကို အဝတ်ခြံပေါက်ဝတ်ဆင်တယ်လို့ ခေါ်တာပါပဲ။ အဝတ်ခြံပေါက်ဝတ်ဆင်တော့ အဝတ်အထည်ကို အပြင်ကမဝယ်ရပါဘူး။ မဝယ်ရတော့ အပိုပိုက်ဆံမကုန်တော့ဘူး။ အပိုပိုက်ဆံမကုန်တော့ ရသမျှပိုက်ဆံက အဖတ်တင်တာပေါ့။

ယာကထွက်တာကိုပဲ အာဟာရဖြစ်အောင်စားပြီး ၈၀ ကျော်၊ ၉၀ ကျော်အထိ အသက်ရှည်ရှည်နေသွားကြရပါတယ်။ အသက်ရာကျော်တွေလည်းရှိပါတယ်။ ယာထဲကရတာကိုပဲ အဓိကထားပြီးစားတာကို အစားခြံပေါက်စားတယ်လို့ခေါ်တာပါပဲ။ အစားခြံပေါက်စားတော့ ယာကရတဲ့ မြေပဲဖိုးနဲ့ နှမ်းဖိုးက လက်ထဲမှာ ငွေပိုငွေလျှံဖြစ်နေတာပဲ။ ဒီတော့ ချမ်းသာကြတာပေါ့။

ခိုင်းဖို့နွားကိုလည်း အပြင်ကဝယ်တာရှားပါတယ်။ ကိုယ့်နွားခြံက ပေါက်တဲ့နွားကိုပဲ ခိုင်းကြတာများတယ်။ အဲဒါကို နွားခြံပေါက်လို့ ခေါ်တာပါပဲ။ ကိုယ့်ခြံပေါက်နွားကိုပဲခိုင်းတော့ ခိုင်းဖို့နွားမဝယ်ရတော့ဘူး။ မဝယ်ရတော့ နွားဖိုးပိုက်ဆံမကုန်တော့ဘူး။ အဝတ်ခြံပေါက်ဝတ်၊ အစားခြံပေါက်စားလို့ ခြံပေါက်နွားနဲ့ပဲ တောင်သူယာလုပ်ငန်းလုပ်ကိုင်ပြီး ရွှေမရှား၊ ငွေမရှား ချမ်းချမ်းသာသာနဲ့ အသက်ရှည်ရှည်နေသွားကြတယ်။ ဒါကြောင့် ဘိုးစဉ်ဘောင်ဆက်တောင်သူကြီးတွေက “အဝတ်ခြံပေါက်ဝတ်၊ အစားခြံပေါက်စား၊ နွားခြံပေါက်ခိုင်းရင် ကြီးပွားချမ်းသာတယ်၊ ဘယ်တော့မှ မဆင်းရဲဘူး” လို့ပြောထုံးဖြစ်အောင် အစဉ်အဆက် လက်ဆင့်ကမ်းမှာကြားခဲ့တာပါပဲ။

“ခြံပေါက်အဝတ်ကိုဝတ်၊ ခြံပေါက်အစားကိုစား၊ ခြံပေါက်နွားကိုခိုင်းပါ”လို့ ဆိုတဲ့စကားက “မဝယ်ရဘဲ ကိုယ့်ခြံကရတဲ့အဝတ်အထည်ကိုဝတ်ဖို့၊ မဝယ်ရဘဲ ကိုယ့်ခြံကရတဲ့အစားအစာကိုစားဖို့၊ မဝယ်ရဘဲ ကိုယ့်ခြံကရတဲ့နွားကိုခိုင်းဖို့”ကိုပြောနေတာပါ။ အဲဒါနဲ့ဆက်စပ်နေတာကတော့ “ပြည်တွင်းဖြစ်ကိုအားပေးပါ”ဆိုတဲ့စကားပါပဲ။ ကိုယ့်ပြည်တွင်းကထွက်တဲ့အစားအစာ၊ ကိုယ့်ပြည်တွင်းကထွက်တဲ့အဝတ်အထည်၊ ကိုယ့်ပြည်တွင်းကထွက်တဲ့အသုံးအဆောင်ပစ္စည်းတွေကို ပြည်တွင်းဖြစ်လို့ခေါ်ပါတယ်။ ပြည်တွင်းဖြစ်ပစ္စည်းတွေကိုပဲ မက်မက်မောမောသုံးစွဲနေမယ်ဆိုရင် နိုင်ငံခြားကလာတဲ့ အစားအစာတွေ၊ အဝတ်အထည်တွေ၊ အသုံးအဆောင်ပစ္စည်းတွေကိုဈေးကြီးကြီးပေးပြီး ဝယ်ယူသုံးစွဲစရာမလိုတော့ဘူး။ ဒါဆိုရင် နိုင်ငံခြားတိုင်းပြည်တွေဆီ စီးဆင်းသွားမယ့်ငွေယိုပေါက်က အလိုလိုပိတ်ပြီးသားဖြစ်လာမှာပါပဲ။

ကိုယ့်ပြည်တွင်းကထွက်တဲ့ ပြည်တွင်းဖြစ်တွေကို ပြည်တွင်းသုံးစွဲဖို့ဖူလုံရုံမကဘဲ နိုင်ငံတကာကို တင်ပို့ရောင်းချနိုင်တဲ့အထိ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ကြမယ်ဆိုရင် နိုင်ငံခြားတိုင်းပြည်တွေက ဝယ်ယူသုံးစွဲကြမှာပါ။ ဒါဆို နိုင်ငံခြားတိုင်းပြည်တွေဆီက ငွေကြေးတွေဝင်လာမှာပဲ။ နိုင်ငံခြားတိုင်းပြည်တွေဆီ စီးဆင်းနေတဲ့ငွေယိုပေါက်ကိုပိတ်နိုင်ပြီး နိုင်ငံခြားတိုင်းပြည်တွေဆီက စီးဝင်လာမယ့်ငွေဝင်ပေါက်ကို ဖွင့်နိုင်မှာဖြစ်ပါတယ်။

ပြည်တွင်းဖြစ်တွေကို မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီး နိုင်ငံတကာကိုတင်ပို့နိုင်တဲ့တန်ဖိုးမြှင့်ထုတ်ကုန်တွေထုတ်လုပ်နိုင်အောင် ကြိုးစားဖို့တိုက်တွန်းလိုပါတယ်။

ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတိရစ္ဆာန်များ ဖြည့်ဆည်းပေး

နေပြည်တော် ဖေဖော်ဝါရီ ၁

ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှုများကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မွေးမြူရေးတိရစ္ဆာန် ဝက်ကောင်ရေ ၅၀၀ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု ပေါင်းလောင်းကျေးရွာ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရာဂိမုန်တိုင်းဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးများတွင် လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ဆုံးရှုံးပျက်စီးမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျွဲ ၇၁ ကောင်၊ နွား ၂၁၄၂ ကောင်၊ ဝက် ၃၉၇၈ ကောင်၊ ဒေသကြက် ၂၂၈၇၈ ကောင်၊ ဥစားကြက် ၉၁၁၅ ကောင်၊ အသားတိုးကြက် ၉၄၂၀၀၊ ဘဲ ၁၂၀၆၃ ကောင်ပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် နိုင်ငံတော်က ကျွဲ ၇၁ ကောင်၊ နွား၁၂၁၅ ကောင်၊ ဝက် ၃၉၅၇ ကောင်၊ သိုး/ဆိတ် ၁၆၈၈ ကောင်၊ ဒေသကြက် ၂၃၂၀၇ ကောင်၊ အသားတိုးကြက် ၉၃၇၀၀၊ ဥစားကြက် ၉၁၁၅ ကောင်၊ ဘဲ ၁၁၆၃ ကောင်ဖြည့်ဆည်းပေးခဲ့ပြီး ဆုံးရှုံးရသည့် ကောင်ရေများ ပြည့်မီအောင် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ယခု လယ်ဝေးမြို့နယ်၊ ပေါက်မြိုင်ကျေးရွာအုပ်စုတွင် ဆုံးရှုံးခဲ့သည့် ဝက်ကောင်ရေ ၅၀၀ ကို ပြန်လည်ဖြည့်ဆည်းပေးအပ်သွားမည်ဖြစ်ပြီး လိုအပ်သော မွေးမြူရေး နည်းစနစ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်၍ မွေးမြူရေးတိရစ္ဆာန်များ အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူထုတ်လုပ်ရေး၊ နည်းစနစ်ကျကျ တိုးချဲ့မွေးမြူနိုင်ရေးအတွက်သက်ဆိုင်သူအားလုံးက ပိုင်းဝန်းကူညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝက်ကောင်ရေ ၅၀၀ ကိုပေးအပ်ရာ ပေါက်မြိုင်၊ ရေလည်ပေါက်၊ ကြို့ပင်သာ၊ ပေါင်းလောင်းနှင့်အောင်သုခကျေးရွာမွေးမြူရေးတောင်သူကိုယ်စားလှယ်များက လက်ခံရယူကြပြီး ဝက်မွေးမြူသူများကိုယ်စား ပေါက်မြိုင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်မြိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာဟိန်းမဟာအသားစားကြက်မွေးမြူရေးခြံသို့ရောက်ရှိပြီး အသားစားကြက် ကောင်ရေ ၂၀၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဧဝလုံခြုံရေးအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။



ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှုးရုံးတွင် မွေးမြူရေးနှင့်ကုသရေးကဏ္ဍ ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် ခိုင်မာသော စွေးကွက်ဖော်ဆောင်ပေးနိုင်ရေး၊ စွေးကွက်နှင့် ကိုက်ညီသော အရည်အသွေးပြည့် ထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်စေရေး၊ တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေးစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး တို့ကိုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့်သုတေသနစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ်၏ အပင်မျိုးမွေးမြူရေးနှင့် အပင်ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနရှိ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများဆောင်ရွက်လျက်ရှိသည့် ဆင်းရွှေကြာ(၂)နေကြာမျိုးအား (Recurrent Mass Selection) နည်းလမ်းကိုအသုံးပြု၍ မျိုးရွေးချယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဆင်းရွှေကြာ(၂) နေကြာမျိုးအား လိုလားသည့် လက္ခဏာများပါဝင်သည့် အပွင့်များရွေးချယ်၍ စိုက်ပျိုးရာသီတိုင်းတွင် သဘာဝအတိုင်း ဝတ်မှုန်ကူးခြင်းဖြင့် မျိုးမြှင့်တင်ထိန်းသိမ်းရမည်ဖြစ်ပြီးတောင်သူများကိုယ်တိုင် စပါးသီးနှံတွင်ခေါင်နှံယူသကဲ့သို့ မျိုးထိန်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆင်းရွှေကြာ(၂)ကို အခြားသော သွေးဝေးသည့် နေကြာမျိုးများ၏ ဝတ်မှုန်များနှင့် ဝတ်မှုန်ကူးပေးခြင်းဖြင့် မျိုးဗီဇဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မျိုးဗီဇဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အကောင်းဆုံးနည်းစနစ်ကို သေချာစွာစူးစမ်းလေ့လာ၍ သီးနှံသဘာဝအရ သင့်လျော်သည့်နည်းစနစ်များကို အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက်ဒုတိယဝန်ကြီးသည်စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (ဖဒ)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က “ရန်ကုန်တိုင်းဒေသကြီး၏ နွေစပါးသီးနှံပန်းတိုင်အထွက်ရရှိရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပညာရှင်ဝန်ထမ်းများ၊ ဧရယာသီရိမြို့နယ်မှ တောင်သူ ၃၀ ဦးတို့က ကိုယ်တိုင်တက်ရောက်ကြပြီး မြစ်သား၊ စဉ့်ကိုင်၊ တိုက်ကြီး၊ မင်္ဂလာခုံ၊ လှည်းကူးမြို့နယ်တို့မှတောင်သူ ၂၄၈ ဦးနှင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများက Zoom point ၁၀၀ point မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ကြက်မောက်တောင်ဆည်နှင့် ဆည်ရေဝပ်ဧရိယာသို့ ကမ္ဘာ့ရှားပါးမျိုးစိတ် ဟိမဝန္တာလင်းတ ဆောင်းခိုငှက်အပါအဝင် ရေပျော်ငှက်၊ သစ်တောငှက်များ ဝင်ရောက်ကျက်စား



ကြက်မောက်တောင်ဆည်အတွင်း ဝင်ရောက်ကျက်စားနေသည့် ဆောင်းခိုရေပျော်ငှက် ဂျားမငှက်အုပ်ကို တွေ့ရစဉ်။



ကြက်မောက်တောင်ဆည်အတွင်း ဝင်ရောက်ကျက်စားလျက်ရှိသည့် ထန်းစေ့မှုတ်ဆောင်းခိုငှက်ကိုတွေ့ရစဉ်။



ကြက်မောက်တောင်ဆည်တွင် ဆောင်းခိုဝင်ရောက်လာသည့် ဟိမဝန္တာလင်းတကို တွေ့ရစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိကြက်မောက်တောင်ဆည်နှင့် ဆည်ရေဝပ်ဧရိယာသို့ ဇန်နဝါရီလနောက်ဆုံးပတ်တွင် ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်ဖြစ်သည့် ဟိမဝန္တာလင်းတ ဆောင်းခိုငှက်အပါအဝင် ဆောင်းခိုရေပျော်ငှက်၊ သစ်တောငှက်များ ဝင်ရောက်ကျက်စားလျက်ရှိကြောင်း ပုပ္ပားတောင်အမျိုးသားဘူမိဗေဒယျာဉ် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။

“လက်ရှိမှာ ကြက်မောက်တောင်ဆည်အတွင်းနဲ့ ဆက်စပ်ဧရိယာတွေမှာ ဆောင်းခိုရေပျော်ငှက်နဲ့ သစ်တောငှက်မျိုးစိတ် ၂၀ ကျော်ကောင်ရေ ၁၀၀၀ နီးပါးဝင်ရောက်နေပါတယ်။ အထူးသဖြင့် တခြားနိုင်ငံက ဆောင်းခိုငှက်တွေ ကျွန်တော်တို့နိုင်ငံကို လာရောက်ကျက်စားတယ်ဆိုတာ သဘာဝပတ်ဝန်းကျင်နဲ့ မူရင်းဒေသတွေကောင်းမွန်နေသေးတယ်ဆိုတာကိုပြသလိုက်တာပါပဲ။ ဂုဏ်ယူဖွယ်လည်းဖြစ်သလို Eco Tourism အတွက်ဆိုရင်လည်း ငှက်ဝါသနာရှင်တွေ အထူးနှစ်ခြိုက်ကြပါတယ်”ဟု ပုပ္ပားတောင်အမျိုးသားဘူမိဗေဒယျာဉ် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တောအုပ်ကြီး ဦးကျော်နိုင်ဦးက ပြောသည်။

ကြက်မောက်တောင်ဆည်နှင့် ဆည်ရေဝပ်ဧရိယာတို့တွင် ဆောင်းခိုငှက်များဖြစ်သည့် စစ်စလီ၊ ဂျားမ၊ ထန်းစေ့မှုတ်၊ ငဟစ်၊ ရေကြက်ဒုံ၊ ဗျိုင်းမျိုးစိတ်များ၊ ဟသ်၊ ကြာဖက်နင်းနှင့် အခြားသော ရေပျော်ငှက်များ ကျက်စားလျက်ရှိပြီး စစ်စလီငှက်များ အများဆုံးဝင်ရောက်လျက်ရှိကာ ကမ္ဘာ့ရှားပါးမျိုးစိတ်ဝင် ဟိမဝန္တာလင်းတ၊ စာဝါကျားနှင့် အခြားသော သစ်တောငှက်မျိုးစိတ် ၁၅ မျိုးတို့ ဝင်ရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။

“ကြက်မောက်တောင်ဆည်အထက်က စိုက်ခင်းတွေမှာလည်း သစ်တောငှက်တွေ ဝင်ရောက်တာရှိပါတယ်။ ဒါတွေကို ထိန်းသိမ်းကာကွယ်ခြင်း အားဖြင့် နောင်နှစ်တွေမှာ ထူးခြားတဲ့ငှက်မျိုးစိတ်တွေ ဝင်ရောက်လာနိုင်ပါတယ်။ ဟိမဝန္တာလင်းတဆိုရင် ကမ္ဘာ့ ရှားပါးငှက်မျိုးစိတ် စာရင်းဝင်တစ်မျိုးဖြစ်ပြီး ဒီနှစ်မှာ တွေ့ရတာပါ” ဟု တောအုပ်ကြီး ဦးကျော်နိုင်ဦးက ပြောသည်။

ကြက်မောက်တောင်ဆည်နှင့် ပုပ္ပားတောင်အမျိုးသား ဘူမိဗေဒယျာဉ်တို့တွင် ရာသီအလိုက် ကာကွယ်ထားသော ငှက်မျိုးစိတ် ၁၈ မျိုး၊ သာမန်ကာကွယ်ထားသော ငှက်မျိုးစိတ် ၄၉ မျိုးနှင့် လုံးဝကာကွယ်ထားသော ငှက်မျိုးစိတ် ၃၀ တို့ ရှင်သန်ကျက်စားလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)

ဓာတ်ပုံ– ပုပ္ပားတောင်အမျိုးသားဘူမိဗေဒယျာဉ်ရုံး

ထင်ရှားကျော်ကြား ကမ္ဘာ့ရေဝပ်ဒေသများ

သစ်တောမောင်

ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day)

နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်သည် **ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day)** ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ရေဝပ်ဒေသများ၏တန်ဖိုးကို မီးမောင်းထိုးပြရန်သာမက ရေဝပ်ဒေသများရှိ ဧဝမျိုးစုံမျိုးကွဲများ၊ ရေနေသတ္တဝါများ၊ ဆောင်းခိုင်္ဂက်များနှင့် ရေဝပ်ဒေသ ဂေဟစနစ်များ ထိန်းသိမ်းရေး၊ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် တစ်ကမ္ဘာလုံး ဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်သောနေ့လည်းဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်ဖြစ်သည့် **"Protecting Wetlands for Our Common Future" "အနာဂတ်ဘဝဖူလုံဖို့ ရေဝပ်ဒေသများ ကာကွယ်စို့"** ဟူသည့်ဆောင်ပုဒ်သည် လူသားအားလုံး၏ လူမှုဘဝဖူလုံရေးအတွက် ရေဝပ်ဒေသများ၊ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝနေရင်းဒေသများကို ထိရောက်စွာကာကွယ်ရေးသည် အရေးတကြီးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း မီးမောင်းထိုးပြထားပါသည်။

ရေဝပ်ဒေသများ

ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက် ၆ မီတာထက်ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေသို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီ သို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ဖန်တီးထားသော ရွှံ့ညွန်မြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများကို ခေါ်ဆိုပါသည်။ ရေဝပ်ဒေသများကို ပင်လယ်ကမ်းခြေရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသော ရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ်ဒေသများဟူ၍ သုံးပိုင်းခွဲခြားထားပါသည်။

ရေဝပ်ဒေသများတွင် မြစ်၊ ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့် ရေအောင်းလွှာများ၊ နွံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့် မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန်ကျွန်းစုငယ်များ၊ ပင်လယ်ဝ ဧရိယာများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်းဒေသများ၊ သန္ဓာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများပါဝင်ပါသည်။

ရေဝပ်ဒေသများသည် လူသားများအတွက် အရေးပါသည့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ၊ အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဓိကအားဖြင့် မြေဆီလွှာများအတွင်း ကာဗွန်သိုလှောင်မှုတိုးပွားပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ခြင်း၊ ရေကြီးခြင်း၊ ရေလျှံခြင်း စသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေထုညစ်ညမ်းမှုများကို သန့်စင်ပေးခြင်း၊ ရေချိုများ ပံ့ပိုးပေးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် တိရစ္ဆာန်မွေးမြူရေးစသည့်လုပ်ငန်းများအတွက် အထောက်အပံ့ပြုပြီး စားရေရိက္ခာဖူလုံစေရန် ပံ့ပိုးပေးခြင်း၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အရေးပါခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။

ရေဝပ်ဒေသများသည် ကမ္ဘာ့နိုင်ငံအသီးသီးအတွက်အရေးပါသည့်အလျောက် ရေဝပ်ဒေသများကိုပိုင်းဝန်းထိန်းသိမ်းကြရန် "ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)" ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar) ၌ ဖွဲ့စည်းခဲ့ပါသည်။ ယနေ့အချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံရှိပြီး နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသပေါင်း ၂၅၆ ခုရှိကာ စုစုပေါင်းဧရိယာ ၂၅၇၃၃၈၁၁၈ ဟက်တာရှိပါသည်။

အာဖရိက၊ အာရှ၊ ဥရောပနိုင်ငံများ၊ လက်တင်အမေရိကနှင့် ကာရေဘီယံနိုင်ငံများ၊ မြောက်အမေရိက၊ သမုဒ္ဒရာပိုင်းနိုင်ငံများဟူ၍ ဒေသအလိုက် ပိုင်းခြားသတ်မှတ်ထိန်းသိမ်းထားလျက်ရှိပါသည်။ အဆိုပါနိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသများကို **"ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ"** ဟုလည်း ခေါ်ဆိုပါသည်။ ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ အများဆုံးရှိသည့်နိုင်ငံများမှာ ယူနိုက်တက်ကင်းဒမ်းဖြစ်ပြီး ရမ်ဆာရေဝပ်ဒေသ ၁၇၆ ခုရှိ၍ ဒုတိယအများဆုံးမှာ မက္ကဆီကို နိုင်ငံဖြစ်ပြီး ရမ်ဆာရေဝပ်ဒေသ ၁၄၄ ခု ရှိပါသည်။

"ရမ်ဆာ (Ramsar) ရေဝပ်ဒေသ" အဖြစ် သတ်မှတ်ခံရရန်ိုင်ရန် စံသတ်မှတ်ချက် (၉) ချက်ရှိပြီး အနည်းဆုံးတစ်ချက်နှင့်ကိုက်ညီသော ရေဝပ်ဒေသများကို နိုင်ငံတကာအသိအမှတ်ပြုရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။ အဓိကစံသတ်မှတ်ချက်များမှာ ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသော ရေဝပ်ဒေသဖြစ်ခြင်း၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဧဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကိုထောက်ပံ့ပေးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကို ပေးနိုင်သော သို့မဟုတ် မတူညီသော အသက်ရှင်နေထိုင်မှု၌ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။

ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကွန်ဗင်းရှင်းအပေါ် ထားရှိရသည့် အဓိက ကတိကဝတ်တစ်ခုမှာ စံသတ်မှတ်ချက်နှင့်ကိုက်ညီသော ရေဝပ်ဒေသများကို Ramsar List ဟု လူသိများသည့် နိုင်ငံတကာအရေးပါသော ရေဝပ်ဒေသများစာရင်းတွင် ထည့်သွင်းသတ်မှတ်ဖော်ပြရန်ဖြစ်ပါသည်။ "ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)" အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရေဝပ်ဒေသများအားလုံးကို အကျိုးရှိစွာ စနစ်တကျအသုံးချခြင်း၊ နိုင်ငံတကာအဆင့် အရေးပါသည့် ရေဝပ်ဒေသများ (ရမ်ဆာရေဝပ်ဒေသများ)ကို ထိန်းသိမ်းခြင်းနှင့် နိုင်ငံတကာပူးပေါင်းမှုများဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ရေဝပ်ဒေသများ၊ အဆိုပါရေဝပ်ဒေသများရှိ သားငှက်တိရစ္ဆာန်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကမ္ဘာ့ပထမဆုံး ရမ်ဆာရေဝပ်ဒေသ

ကမ္ဘာ့ပထမဆုံး ရမ်ဆာရေဝပ်ဒေသသည် ဩစတြေးလျနိုင်ငံရှိ ကိုဘော့ (Cobourg) ကျွန်းဆွယ် (ဆိုက်အမှတ် ၁) ဖြစ်ပြီး ၁၉၇၄ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။ ကိုဘော့ (Cobourg) ကျွန်းဆွယ်သည် ဧရိယာအားဖြင့် ဟက်တာ ၂၂၇၀၀ ကျယ်ဝန်းပြီး ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းဆိုင်ရာ ဧဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစွာတည်ရှိသည့်အတွက် ကမ္ဘာ့ပထမဆုံး ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရပါသည်။

ကိုဘော့ (Cobourg) ကျွန်းဆွယ်တွင် ကြီးမားသောအပင်များနှင့် တောရိုင်းတိရစ္ဆာန်များ၊ ပင်လယ်လိပ်များကဲ့သို့ မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၊ ရေပျော်ငှက်များ နေထိုင်ကျက်စားလျက်ရှိပြီး မိကျောင်းများ၊ လင်းပိုင်များ၊ ငါးမန်းများ၊ လိပ်များ၊ ရေပျော်ငှက်များနှင့် ငါးများအတွက် ဘေးကင်းသောပတ်ဝန်းကျင်တစ်ခုလည်း ဖြစ်သည်။ အဆိုပါတိရစ္ဆာန်များအတွက် မျိုးပွားခြင်း၊ သားပေါက်ခြင်းနှင့်အစားအစာများအတွက် ခိုကိုးရာ၊ ထောက်ပံ့ပေးရာ နေရာလည်းဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်သော ကမ်းရိုးတန်းငှက်များ၊ ရေပျော်ငှက်များ ခိုလှုံရာနေရာ (Refuge) အတွက် အရေးကြီးသော နားခိုရာနေရာတစ်ခုလည်းဖြစ်သည်။ ဩစတြေးလျနိုင်ငံသည် ၁၉၇၅ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယနေ့အချိန်ထိ ရမ်ဆာရေဝပ်ဒေသ ၆၇ ခု (ဟက်တာ ၈ ဒသမ ၃ သန်းကျော်) သတ်မှတ်ထားပြီးဖြစ်ပါသည်။

ကမ္ဘာ့အကြီးဆုံး ရမ်ဆာရေဝပ်ဒေသ

ဂီရိ-တွန်ဘာ-မိန်းဒွန်ဘီ (Ngiri-Tumba-Maindombe) ရမ်ဆာရေဝပ်ဒေသ (ဆိုက်အမှတ် ၉၅၀) သည် ရမ်ဆာကွန်ဗင်းရှင်းမှ အသိအမှတ်ပြုထားသည့် ကမ္ဘာ့အကြီးဆုံးရေဝပ်ဒေသဖြစ်သည်။ အဆိုပါနေရာသည် ကွန်ဂိုနိုင်ငံအနောက်ပိုင်းရှိ တွန်ဘာရေကန် (Tumba Lake) ဝန်းကျင်ဒေသတွင်ရှိပြီး ဧရိယာအကျယ်အဝန်း ၆၅၆၉၆၄၄ ဟက်တာရှိ၍ ဘယ်ဂျီယံနိုင်ငံ အရွယ်အစားထက် နှစ်ဆပိုကြီးမားပါသည်။ သစ်တောနှင့်အမြဲတမ်း သို့မဟုတ် ရာသီအလိုက် ရေကန်များနှင့် စိမ့်မြေ ဧရိယာကျယ်ပြန့်စွာပါဝင်နေသည့် အဆိုပါ ဧရိယာသည် သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးတန်ဖိုးများစွာရှိသည်။

ရေဝပ်ဒေသအတွင်းတွင် ကျွဲ၊ မျောက်မျိုးစိတ်အမျိုးမျိုး၊ တောဆင်များ၊ ကျားသစ်များနှင့် အခြားများစွာသော တောရိုင်းတိရစ္ဆာန်များ၊ ရေပျော်ငှက်များစွာကို တွေ့နိုင်ပါသည်။ စိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်းကဲ့သို့သော ဆောင်ရွက်မှုများသည် ရေဝပ်ဒေသအပေါ်တွင်မှီခိုနေသောဒေသခံပြည်သူများအတွက် ဝင်ငွေတိုးပွားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကွန်ဂိုနိုင်ငံသည် ၁၉၅၈ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယနေ့အချိန်ထိ ရမ်ဆာရေဝပ်ဒေသ ၁၄ ခု (ဟက်တာ ၈ ဒသမ ၃ သန်းကျော်) သတ်မှတ်ထားပြီးဖြစ်ပါသည်။

အာရှအကြီးဆုံး ရေဝပ်ဒေသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း မွန်ဂိုးလီးယားဒေသ (Inner Mongolia) ရှိ အာဂန်း (Ergun) ရေဝပ်ဒေသသည် တရုတ်နိုင်ငံ၏ရင်သပ်ရှုမောဖွယ်အကောင်းဆုံးနှင့်ဂေဟဗေဒအရ အရေးပါဆုံး ရေဝပ်ဒေသများထဲမှတစ်ခုဖြစ်ပြီး ကျယ်ပြန့်သော မြက်ခင်းများ၊ စိမ့်မြေများ၊ မြစ်များနှင့် သစ်တောများ လွှမ်းခြုံထားပါသည်။ အင်ကွေ့အကောက်များသော အာဂန်း (Ergun) မြစ်နှင့် ၎င်း၏မြစ်လက်တက်များသည် စီးဆင်းနေသော ရေလမ်းကြောင်းနှင့် စိမ်းလန်းစိုပြည်သော ရှုခင်းများကို ဖန်တီးပေးသည့် ရင်သပ်ရှုမောဖွယ်ရှုခင်းများကြောင့် ကျော်ကြားခြင်းဖြစ်ပါသည်။

ရေစိုမြေများ၊ စိမ့်များ၊ ရေလွှမ်းမြေများ၊ သစ်တောများနှင့် ကွဲပြားနေသော ရေကန်အချို့ကို လွှမ်းခြုံထားသည်။ မတူကွဲပြားသော အပင်မျိုးစိတ်များ၊ ငှက်များနှင့် အခြားတောရိုင်းတိရစ္ဆာန်များအတွက် မရှိမဖြစ်လိုအပ်သော နေရင်းဒေသတစ်ခုလည်းဖြစ်သည်။ အာဂန်း (Ergun) ရေဝပ်ဒေသသည် ဧရိယာဟတ်တာ ၁၂၀၀၀ ကျော် ကျယ်ဝန်းပြီး တရုတ်နိုင်ငံတွင် အကြီးဆုံးရေဝပ်ဒေသဖြစ်သကဲ့သို့ အာရှတွင်လည်း အကြီးဆုံးရေဝပ်ဒေသများထဲမှ တစ်ခုဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အခြားထင်ပေါ်ကျော်ကြားသော ရမ်ဆာရေဝပ်ဒေသတစ်ခုမှာ ဂွန်ဒေါင်းရှန်ကျန်းဖူတီယန် ဒီရေတောရေဝပ်ဒေသ (Guangdong Shenzhen Futian Mangrove Wetlands) (ဆိုက်အမှတ် ၂၅၁၈) ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာအဆင့် အရေးပါသည့် ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ ရှန်ကျန်းပင်လယ်အော်၏ အရှေ့မြောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင်တည်ရှိပြီး ကျယ်ပြန့်သော ရွှံ့ညွန်တောများနှင့် ဒီရေတောများရှိသော မြစ်ကမ်းစပ်၊ မြစ်များဆုံစည်းရာပင်လယ်ပြင်တွင် တည်ရှိပါသည်။ ၎င်းရမ်ဆာ

စာမျက်နှာ ၁၄ သို့ ❐



အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ မယ်ညို (Greyheaded Swamphen)ငှက်များ ကျက်စားလျက်ရှိစဉ်။

❐ စာမျက်နှာ ၁၃ မှအဆက်

ရေဝပ်ဒေသသည် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australasian Flyway– EAAF) တွင်လည်း ကျရောက်နေပါသည်။

ဖူတီယန်ဒီရေတောတွင် ဒီရေတောအပင်မျိုးစိတ် ၁၉ မျိုးကို ထိန်းသိမ်းထားရှိပြီး ငှက်မျိုးစိတ် ၂၆၀ ကျက်စားလျက်ရှိပါသည်။ နှစ်စဉ်ရေပျော်ငှက်ကောင်ရေ ၁၀၀၀၀၀ ၏ ဆောင်းခိုရာနေရာတစ်ခုလည်း ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရေဝပ်ဒေသများ ထိန်းသိမ်းရေးနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို ဂေဟဗေဒစနစ်ထိန်းသိမ်းရေးနှင့် လူမှုတာဝန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေးအမြင်ဖြင့် ရေဝပ်ဒေသများ ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်စေရေးအတူတကွ စီမံဆောင်ရွက်လျက်ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၉၂ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာကာ လက်ရှိအချိန်ထိ ရမ်ဆာရေဝပ်ဒေသ ပေါင်း ၈၂ ခု သတ်မှတ်ထားပြီးဖြစ်ပါသည်။ စုစုပေါင်း ရေဝပ်ဒေသဧရိယာ ၇၆၄၇၉၅ ဟတ်တာရှိပြီး ရေဝပ်ဒေသအမျိုးအစားစုံလင်ပြည့်စုံစွာ ပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသ၏ ထင်ရှားသော ရေဝပ်ဒေသများ

ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသသည် ကမ္ဘောဒီးယားနိုင်ငံရှိ ရမ်ဆာရေဝပ်ဒေသငါးခုအနက် အထူးထင်ရှားကျော်ကြားသော ရေဝပ်ဒေသတစ်ခုဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသ (ဆိုက်အမှတ် ၂၂၄၅)သည် အကောင်းမွန်ဆုံးသော ရေလွှမ်းလွင်ပြင်များ၊ ရေချိုဂေဟစနစ်ရွှံ့ညွန်တောများ ဖုံးလွှမ်းလျက်ရှိပြီး ဧရိယာအားဖြင့် ၂၁၃၄၂ ဟတ်တာရှိပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂ ရက်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။

မြန်မာနိုင်ငံရှိ အင်းလေးကန်ကဲ့သို့ပင် ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသ၏ ဒေသခံပြည်သူများသည် ရေပေါ်အိမ်များတွင် နေထိုင်ကြပြီး ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် ငါးဖမ်းခြင်းနှင့် အခြားရေလုပ်ငန်းများအပေါ် မှီခိုနေထိုင်ကြသည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်သည့် နေရာလည်းဖြစ်ပါသည်။ ရေပျော်ငှက်မျိုးစိတ်များစွာအတွက် နေရင်းဒေသများ၊ သားပေါက်မွေးမြူနိုင်သည့် နေရင်းဒေသများစွာကို ထောက်ပံ့ပေးထားသည်။ ဂေဟစနစ်ကောင်းမွန်သော ရေလွှမ်းလွင်ပြင်များကို ပိုင်ဆိုင်သည့် ပရက်တိုး (Prek Toal) ရေဝပ်ဒေသသည် ရေချိုဂေဟစနစ်ရွှံ့ညွန်တောများကို ပိုင်ဆိုင်ထားပြီး တစ်ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်များဖြစ်သည့် River Terrapin (Batagur baska)၊ Giant Barb (Catlocarpio siamensis)၊ Siamese crocodile (Crocodylus siamensis) နှင့် Mekong giant catfish (Pangasianodon gigas) တို့ ကျက်စားနေထိုင်ပါသည်။ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်ဖြစ်သည့် Greater Adjutant (Leptoptilos dubius) နှင့် Masked Finfoot (Heliopais personatus) တို့ ကျက်စားနေထိုင်ခြင်းသည် ပရက်တိုး (Prek Toal) ရမ်ဆာရေဝပ်ဒေသ၏ ထူးခြားသောတန်ဖိုးများဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ ကရာဘီမြစ်ဝှမ်း (Krabi Estuary)ရမ်ဆာရေဝပ်ဒေသ(ဆိုက်အမှတ် ၁၁၀၀) သည် ထင်ရှားကျော်ကြားသော ရမ်ဆာရေဝပ်ဒေသဖြစ်ပြီး ဧရိယာအား



မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ကျွဲကျောင်းဗျိုင်း(Cattle Egret)များ ကျက်စားနေသည်ကိုတွေ့ရစဉ်။

ဖြင့် ၂၁၉၉ ဟတ်တာရှိကာ ၂၀၀၁ ခုနှစ် ဇူလိုင်လ ၅ ရက်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ ထိုင်းနိုင်ငံသည် ၁၉၉၈ ခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာကာ လက်ရှိအချိန်ထိ ရမ်ဆာရေဝပ်ဒေသ ပေါင်း ၁၅ ခု သတ်မှတ်ထားပြီးဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသ အမျိုးအစားများမှာ အဏ္ဏဝါအမျိုးသားဥယျာဉ်များ (Marine National Park)၊ မြစ်ဝှမ်းဒေသများ (Estuaries)၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ (Wildlife Sanctuaries)၊ မြစ်ကြောင်းဧရိယာများ အစရှိသဖြင့် အမျိုးအစားစုံလင်လှပါသည်။ ကရာဘီမြစ်ဝှမ်း ရမ်ဆာရေဝပ်ဒေသအပါအဝင် ရမ်ဆာရေဝပ်ဒေသများတွင် ဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်အတူ ကျေးရွာလူထုအခြေပြုထိန်းသိမ်းရေးနှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်မှုများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ရမ်ဆာရေဝပ်ဒေသများ

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်မတ်လ ၁၇ ရက်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများစီမံအုပ်ချုပ်သည့်အဖွဲ့အစည်း (Administrative Authority) အဖြစ် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရမ်ဆာရေဝပ်ဒေသ အရေးပါသည့် ရမ်ဆာရေဝပ်ဒေသများ အဖြစ် သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြုရေဝပ်ဒေသ စုစုပေါင်းဧရိယာ ၂၇၈၉၁၃ ဟတ်တာကျော်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ရမ်ဆာရေဝပ်ဒေသမှာ မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (ဆိုက်အမှတ် ၁၄၃၁)ဖြစ်ပြီး မိုးယွန်းကြီးအင်းအပါအဝင် ရေဝပ်ဒေသများ၌ နယ်မြေခွဲခြားခြင်းကို အမာခံထိန်းသိမ်းရေးနယ်မြေ (ငှက်နှင့် ငါးသားပေါက်ရန်၊ ဆောင်းခိုငှက်များ မှီခိုကျက်စားနိုင်ရန်အတွက် သုတေသနလုပ်ငန်းမှအပ ဝင်ရောက်ခြင်းခွင့်မပြု)၊ ကြားခံနယ်မြေ (ဖွံ့ဖြိုးရေးဇုန်တွင် ငါးဖမ်းခြင်း၊ အင်းဆက်စုဆောင်းခြင်းနှင့် အကျိုးရှိစွာ အသုံးပြုရေးဇုန်နယ်မြေတွင် ငါးဖမ်းခြင်း၊ အင်းဆက်စုဆောင်းခြင်း၊ ကျွဲ၊ ဘဲစားကျက်ချခြင်း၊ ဆိုင်ရာဆိုင်ခွင့်နှင့်အညီ လယ်စိုက်ခြင်း) စသည်ဖြင့် ခွဲခြားပြီး စီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိပါသည်။

ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ်အောက်တိုဘာလမှဧပြီလအထိ လာရောက်ကျက်စားကြပါသည်။ မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ်ပို့ချုပ်ခေါင်းစိမ်း (Baer's Pochard)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်ပို့ချုပ်ဘဲ (Common Pochard)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ်ဘဲနီစပ် (Ferruginous Pochard)၊ ခရုစုတ်အနက် (Black–headed Ibis)၊ နွားတ်သီးကောက်ကြီး (Eurasian Curlew)၊ ဘဲတောင်ရှည် (Falcated –Duck) နှင့် ဌာနေရေပျော်ငှက်များတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ်ကြိုးကြာခေါင်းနီ (Sarus Crane)၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါးမျိုးစိတ် ငှက်ကြီးဝန်ပို (Spot-billed Pelican)၊ ဥပန်း (Oriental Darter) မျိုးစိတ်များကို အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိနိုင်ပါသည်။

သစ်တောဦးစီးဌာန၏ နှစ်စဉ်ငှက်စာရင်းကောက်ယူမှုများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၁၁ မျိုးနှင့် ကောင်ရေ ၂၃၉၃၆၊ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၂၄ မျိုးနှင့် ကောင်ရေ ၄၈၄၆၄၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၂၈ မျိုးနှင့် ကောင်ရေ ၁၆၆၈၀၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၁၄၉ မျိုးနှင့် ကောင်ရေ ၁၄၈၉၃ တို့ နေထိုင်ကျက်စားကြောင်း လေ့လာတွေ့ရှိရပါသည်။

အနာဂတ်ဘဝဖူလုံဖို့ ရေဝပ်ဒေသများ ကာကွယ်စို့

ယခုအခါတွင် လူဦးရေတိုးတက်လာမှု၊ မြို့ပြများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဆောက်အအုံများ တိုးချဲ့လာခြင်း၊ ရေအလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ အမှိုက်သရိုက်များ၊ ပလတ်စတစ်များ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ရွှေနှင့်ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှဓာတုစွန့်ပစ်ပစ္စည်းများ များပြားလာခြင်း၊ အိမ်ထောင်စုများမှ အညစ်အကြေးများစွန့်ပစ်မှုနှင့် အခြားမြေအသုံးချမှုသို့ ပြောင်းလဲမှုများကြောင့် ရေဝပ်ဒေသများ ပျောက်ကွယ်ခြင်းနှင့် ပျက်စီးယိုယွင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

မြို့ပြပတ်ဝန်းကျင်ရှိရေဝပ်ဒေသများ၏ ရေလွှမ်းလွင်ပြင်ဧရိယာများလျော့ပါးခြင်း၊ ပျောက်ကွယ်ခြင်းတို့ကြောင့် ရေဝပ်ဒေသများ၏ ရေစီးဆင်းသိုလှောင်နိုင်မှုစွမ်းရည်များကျဆင်းပြီး ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်စေပါသည်။ ရေဝပ်ဒေသဂေဟစနစ် ယိုယွင်းပျက်စီးခြင်းကြောင့် ရေနေသတ္တဝါအမျိုးမျိုး၊ ဒေသမျိုးရင်း ငါးမျိုးစိတ်များနှင့် ရေနေအပင်များ ဆုံးရှုံးပျောက်ကွယ်သကဲ့သို့ ရေလုပ်ငန်းများကို မှီခိုနေရသော ဒေသခံရေလုပ်ငန်းများ၏လူမှုစီးပွားကျဆင်းစေပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဂေဟစနစ်တည်ငြိမ်ရေးအတွက် အလွန်အရေးပါသော ရေဝပ်ဒေသများထိန်းသိမ်းရေးကို နိုင်ငံအဆင့် စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရန် ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ (National Wetland Committee) ကို လည်း ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး "အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ" ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏အမျိုးသားရေဝပ်ဒေသမူဝါဒ(ဖ) ရပ်ဖြစ်သည့် ကာကွယ်ခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များတွင် ရေဝပ်ဒေသတန်ဖိုးများကို ထည့်သွင်းခြင်း၊ ပူးပေါင်းပါဝင်လာခြင်း၊ သိမြင်နိုးကြားမှုမြှင့်တင်ခြင်း၊ ဒေသနှင့် နိုင်ငံတကာ ရေဝပ်ဒေသအစီအစဉ်များတွင် ပါဝင်ခြင်းစသည့် မူဝါဒလုပ်ငန်းစဉ်များ အောင်မြင်စေရန် အထူးအရေးကြီးပါသည်။

ထို့ကြောင့်လည်း ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ရေဝပ်ဒေသဂေဟစနစ်နှင့် ရေပျော်ငှက်ထိန်းသိမ်းရေးလုပ်ငန်းများ၌ မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံတကာက သိမြင်နိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတို့၌ ရေဝပ်ဒေသများ၏ အရေးကြီးသည့် အခန်းကဏ္ဍကို ပြည်သူလူထုနှင့် ဆက်စပ်ပတ်သက်သူများအကြား ပိုမိုသိရှိနားလည်စေရန်နှင့်ဆက်စပ်ပတ်သက်သူများအကြား ရေဝပ်ဒေသထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့်အကျိုးရှိစွာအသုံးချခြင်းတို့တွင် ပူးပေါင်းပါဝင်မှုပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

"Protecting Wetlands for Our Common Future" "အနာဂတ်ဘဝဖူလုံဖို့ ရေဝပ်ဒေသများကာကွယ်စို့" ဟူသည့် ယခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်နှင့်အညီ ကောင်းမွန်သော အနာဂတ်များပိုင်ဆိုင်နိုင်ရန် ရေဝပ်ဒေသများ ထိန်းသိမ်းကာကွယ်ခြင်းနှင့်စီမံအုပ်ချုပ်ခြင်းများတွင် ဆက်စပ်ပတ်သက်သည့် ဌာနများ၊ အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများ၊ ဒေသခံပြည်သူများအားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်ပေးကြပါရန် အလေးထားတိုက်တွန်းနှိုးဆော်လျက် **ကမ္ဘာ့ရေဝပ်ဒေသများနေ့** ကို ဂုဏ်ပြုလိုက်ပါသည်။ ။

❑ **ရှေ့ဖုံးမှအဆက်**

ရန်ကုန်မြို့၊ အမှတ်(၄)ရေတပ်ဗေဘော်တံတားသို့ပြန်လည်ရောက်ရှိလာရာရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၆၈၃၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၂၂ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ ၂၉၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂၇ ဦး၊ ကလေးရောဂါ ၄၇၈ ဦး၊ အရိုးရောဂါ ၁၃၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၅၄ ဦး၊ မျက်စိရောဂါ ၁၂၇၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၀၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၀၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၄၂ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၄၉ ဦး၊ အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၄၇၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၀၄ ဦးနှင့်ဓာတ်ခွဲစမ်းသပ်လူနာ ၈၁၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ ၆၀ ဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ်ချီးမြှင့်သောလက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးကပေးအပ်ချီးမြှင့်စဉ်တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်မြစ်ကြောင်းများတစ်လျှောက်ဆေးကုသရန်ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် (၁၉) ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၈၅၅၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ်ချီးမြှင့်သောလက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးကပေးအပ်ချီးမြှင့်စဉ်။

ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၂၀/၂၀၂၅
၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကျော်ရွှေထွန်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ မဟာမြိုင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၉၈ ပါးနှင့် ဒေသခံပြည်သူ ၈၄ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ပြည်ပဘီလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါ ပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)

မြို့	အနိမ့်ဆုံး /	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၁၅˚c /	၃၂˚c
ရန်ကုန်	၁၇˚c /	၃၃˚c
မန္တလေး	၁၅˚c /	၃၃˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

ထူးခြားသည့် ညအပူချိန်များ

၁-၂-၂၀၂၅

နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း)	၂	ဒသမ	၁	ဒီဂရီဆဲလ်စီးယက်	လွိုင်လင်	၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
					မိုင်းယန်း	၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယက်
ဟားခါး	၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်	တီးတိန်	၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယက်
ဟဲဟိုး	၄	ဒသမ	၀	ဒီဂရီဆဲလ်စီးယက်	ပင်လောင်း	၆	ဒသမ	၂	ဒီဂရီဆဲလ်စီးယက်
ပြင်ဦးလွင်	၄	ဒသမ	၇	ဒီဂရီဆဲလ်စီးယက်	တောင်ကြီး	၈	ဒသမ	၆	ဒီဂရီဆဲလ်စီးယက်

လွိုင်ကော်တက္ကသိုလ်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်မှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဖေဖော်ဝါရီ ၁

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ်ပြန်လည်ပြုပြင်ဖွင့်လှစ်နိုင်ရန်အတွက် လုပ်ငန်းများဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်ရှိ တက္ကသိုလ် စာကြည့်တိုက်၊ ဆရာ၊ ဆရာမအိမ်ရာများနှင့် ဝန်ထမ်းအိမ်ရာများ၊ ဒုတိယပါမောက္ခချုပ်နေအိမ်နှင့် အရာရှိအိမ်ရာများ၊ စားသောက်ဆိုင်တန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် အင်ဂျင်နီယာမှူးတို့က လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်တက္ကသိုလ်သည် ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သဖြင့် တက္ကသိုလ်စာကြည့်တိုက်ရှိသုတ၊ ရသ စာအုပ်စာစောင်များနှင့် ဘာသာရပ်အလိုက် ကျမ်းပြုစာတမ်းများအား စနစ်တကျပြန်လည်စုစည်းထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တက္ကသိုလ်နယ်မြေ ပရိဝုဏ်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားများဖြင့် တက္ကသိုလ်တွင်းလမ်းများ လမ်းဘေးဝဲ/ယာတစ်လျှောက်တက္ကသိုလ်ပင်မဆောင်နှင့် စာသင်ဆောင်များ၊ ဆရာ၊ ဆရာမအိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များနှင့် စားသောက်ဆိုင်တန်းများ ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးနေမှုနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် စက်ယန္တရားများဖြင့် မီးတားလမ်းများဖောက်လုပ်နေမှုတို့အား လှည့်လည်ကြည့်ရှုအားပေးသည်။ ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်နယ်မြေအဝင်မုခ်ဦး၊ တက္ကသိုလ်တွင်းလမ်းများနှင့် အဆောင်များ ပတ်ဝန်းကျင် စိုက်ပျိုးထားသည့် သစ်ပင်ပန်းမန်များ စိမ်းလန်းစိုပြည်စေရေးအတွက် စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းသွားရန်၊ တက္ကသိုလ်နယ်မြေအတွင်း ဆက်သွယ်ရေး



လိုင်းများပိုမိုကောင်းမွန်စေရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေး စနစ်တကျဆောင်ရွက်ပေးရန် တာဝန်ရှိသူများအားမှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မဂ်လာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မဂ်လာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး၊ မဂ်လာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မဂ်လာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ “တစ်ကျောနှစ်ကျော့ တေးကိုသီ” သီချင်းဖြင့်



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ “တစ်ကျောနှစ်ကျော့ တေးကိုသီ” သီချင်းဖြင့် ကြိုဆိုခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်







တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့၊ မြို့နယ်ပြည်သူ့ဆေးရုံ၌အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၂၆ ဦး၊ ခွဲစိတ်ရောဂါ ၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃ ဦး၊ ကလေးရောဂါ ၁ ဦး၊ အရိုးရောဂါ ၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁ ဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၀ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက် လူနာ ၅ ဦး၊ အာထရာဆောင်း ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာ ၁ ဦး တို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“တိမ်လာခွဲတာပါ။ ကြည့်လို့ကောင်းသွားတာပေါ့နော်။ ဆရာဝန်တွေက ကောင်းပါတယ်။ အကုန်လုံးကုသပေးပါတယ်။ တစ်ခါပြဖူးပါတယ်။ ညာဘက်မျက်လုံးပါ။ အခုက ဘယ်ဘက်မျက်လုံးပါ။ ပိုပြီးတော့ အဆင်ပြေသွားတော့ ဝမ်းသာပါတယ်။ အလင်းရောင်ရသွားတဲ့အတွက်ကြောင့် နယ်လှည့် သဘော်ကြီးက အခုလိုလာကုသပေးတဲ့အတွက်ကြောင့် ဒီကျွန်းမှာရှိတဲ့လူတွေ ကျန်းမာအောင်လို့ ကုသပေးတဲ့အတွက် အကုန်လုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

“ဒီလက်ဖြစ်နေတာ ဘယ်လိုမှ အဆင်မပြေဘူး။ လက်မတစ်ချောင်း အဆင်မပြေလို့ပါ။ အရိုးအကြောကိုပြတဲ့အချိန်မှာ လက်ကလှုပ်လို့မရဘူး။ လှုပ်လို့မရတဲ့အချိန်မှာ ခွဲစိတ်ပေးပါတယ်။ တစ်ဆင့်စီကို ဆရာဝန်ကြီးတွေက သေချာလုပ်ပေးပါတယ်။ ခွဲစိတ်ပြီးတော့ ကုသပေးပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတယ်။ ဒီမှာဆေးဝါးက မပြည့်စုံဘူး။ မပြည့်စုံတဲ့အတွက် ဒီလိုနယ်လှည့်ဆေးအဖွဲ့လာကုတဲ့အခါကျတော့ အရမ်းအားရှိကြပါတယ်။ အကုန်လုံးလည်းမျှော်နေကြပါတယ်။ နှစ်တိုင်းလည်းလာနိုင်အောင်လို့ ဆုတောင်းပေးပါတယ်” ဟုပြောသည်။ (၁၀၀)



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဇရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့၊ မြို့နယ်ပြည်သူ့ဆေးရုံ၌အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ဦးစွာ တနင်္သာရီမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်မြင့်ထွန်းနှင့် ဝန်ထမ်းများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအား သစ်တောဦးစီးဌာနမှထုတ်ဝေသည့် သဘာဝထိန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝဝန်းကျင်တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုစေမည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ဆက်လက်၍ တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက မြန်မာနိုင်ငံတွင်တွေ့ရှိရသော သစ်တောအမျိုးအစားများ၊ သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သစ်တော သစ်ပင် ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ ရေချို၏အရေးပါပုံနှင့် ရေချိုကိုချွေတာသုံးစွဲရန်လိုအပ်ပုံ၊ ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများထိန်းသိမ်းရေးနည်းလမ်းများ၊ မီးခိုးမြူငွေ့၊ အဓိပ္ပာယ်နှင့်မီးခိုးဖြစ်ပေါ်လာပုံ၊မီးခိုးမြူငွေ့၊ အမျိုးအစားများနှင့်ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြုံတင်ကာကွယ်ရေးနည်းလမ်းများ စသည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။



ထို့နောက် ဆွေးနွေးမှုများနှင့်ပတ်သက်၍ တောအုပ်ကြီးဦးကျော်မြင့်ထွန်းက ပြန်လည်ဆန်းစစ်မေးမြန်းပြီး ကျောင်းသား၊ကျောင်းသူများက ထပ်မံသိရှိလိုသည်များမေးမြန်းမှုကို ပြန်လည်ဖြေကြားပေးကြောင်းသိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

More than 40,000 acres of monsoon paddy harvested in Dabayin Township



DABAYIN February 1

Local farmers have so far harvested 47,208 acres of monsoon paddy in Dabayin Township of Sagaing Region, according to the YeU District Agriculture Department.

Dabayin Township planted 121,406 acres of monsoon paddy. So, local farmers started harvesting of paddy in October 2024. So far, they have reaped 47,208 acres of monsoon paddy, yielding 83.37 baskets of paddy per acre.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "Local farmers planted more than 120,000 acres of monsoon paddy last monsoon. They are harvesting the crops and so far harvested more than 47,000 acres of monsoon paddy. They expanded sown acreage of monsoon paddy. Our department provided local farmers with necessary techniques and quality seeds and urged them to grow monsoon paddy in time."

This year, officials of Township Agriculture Department helped local farmers grow monsoon paddy without difficulties.

Agricultural staff members educated local farmers to use agricultural techniques, prevent pests, minimize loss and waste of crops and keep crops under shelter in time.

Staff of the department joined hands with local farmers in selection of quality seeds, weeding of paddy plantations, removal of different strains of crops, and systematic broadcasting of fertilizers in order to boost per-acre yield of crops.

SK

Monywa District cultivates over 12,000 acres of winter wheat



MONYWA February 1

A total of 12,847 acres of wheat have been planted this year in Monywa District, Sagaing Region in this year winter crops planting season, according to statistics from the Department of Agriculture for Monywa District.

During the 2024-2025 winter crops planting season, 13,000 acres of wheat are planned to be planted in Monywa District, and 12,847 acres of wheat have been planted since October 2024 until today.

"We are working to reach the earmarked area. We are working to raise awareness among farmers about wheat cultivation. We are working to irrigate and fertilize wheat to increase wheat production. We are working to increase the yield of wheat and to use good varieties", said Daw San San Myint, head of the Department of Agriculture for Monywa District.

In Monywa District, the completion of wheat cultivation by townships is as per following: 187 acres in Monywa Township, 435 acres in Budalin Township, 18 acres in Ayadaw Township and 12,207 acres in ChaungU Township, for a total of 12,847 acres.

SMK

Mingin Township grows over 15,000 acres of winter sunflowers

MINGIN February 1

A total of 15,309 acres of sunflowers have been planted in Mingin Township, Kale District, Sagaing Region in this year winter crops planting season, according to statistics from Department of Agriculture for Mingin Township.

During the 2024-2025 winter crop planting season, 16,335 acres of winter sunflower ares planned to be planted in Mingin Township, and since October this year, 15,309 acres have been planted.

"We are working to ensure that the target acres can be cultivated. In order to reduce palm oil imported from abroad, we are expanding the cultivation of sunflower, which is an oilseed crop. Sunflower produces more oil per acre than peanuts and sesame. Sunflowers are planted only in winter," said Daw Hayman Kyaw Win, head of the Department of Agriculture for Mingin Township.

In Mingin Township, the Township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation, and is providing educational courses for the staff and the sunflower growers for high efficiency.

SK

Wetlet Township completes cultivation of corns as cold season crops

WETLET February 1

A total of 19,699 acres of corns has been planted in Wetlet Township of Sagaing Region this winter, according to the Wetlet Township Agriculture Department.

In 2024-2025 winter, local authorities earmarked cultivation of 21,451 acres of corns in Wetlet Township but farmers have so far planted 19,699 acres of crops against the target cultivation.

Daw Khin San, Head of Wetlet Township Agriculture Department disclosed: "Township authorities set a plan to grow more than 20,000 acres of corns this winter but farmers have planted more than 19,000 acres of crops. Our department helped local farmers with agricultural techniques and prevention of crops. Sown acreage of corns is on the rise yearly."

Officials of the Township Agriculture Department conducted training for local farmers to have proper knowledge for cultivation of corns, prevention of FAW and pests and use of natural fertilizers and pesticides.

In Wetlet Township, corns yields 15,000 pieces of corns per acre, and farmers cost more than Ks-500,000 per acre for growing corns.

SMK

Taninthayi plans to expand saltwater prawn farming


MYEIK February 1

Myanmar annually imports prawn larvae and feed from Thailand, producers are trying to establish domestic hatcheries working with technical support of the government. This effort aims to ensure long-term benefits for both the country and local producers.

"To penetrate international markets, it is crucial to raise global awareness of Panamei saltwater prawns. During the 2024-2025 monsoon season, the salinity levels in breeding farms decreased, which slowed prawn growth and led to some disease outbreaks. As a result, prawn farmers are planning to scale back production during the monsoon season of 2025-2026 and increase farming during the summer months. With expanded farming, export volumes are expected to rise. We also anticipate further growth in international market demand," said U Thet Soe, Secretary of the Taninthayi Region Fisheries Federation.

Currently, prawns are exported to China in a boiled form and to Japan in a frozen form. To increase export capacity, breeders aim to focus more on farming rather than relying solely on marine capture.

In the Taninthayi Region, Panamei white prawns are farmed on 2,217.56 acres using the Good Aquaculture Practices (GAqP)



system in Dawei, Kyunsu, Palaw and Kawthoung townships. Expansion is also underway, with an additional 2,662.68 acres in Thayetchaung Township of Dawei District, Myeik, Palaw and Kyunsu townships of Myeik District, Bokpyin Township of Bokpyin District, and Kawthoung Township of Kawthoung District. Furthermore, Kyunsu Township alone has seen an additional 390.12 acres allocated for prawn farming. **SK**

Myanmar exports over 1.5 million tons of pulse from April to December 2024

YANGON February 1

Myanmar conveyed over 1.5 million tons of various pulses between April and December of the current financial year 2024-2025, including 700,000 tons of black gram, 200,000 tons of pigeon pea and 400,000 tons of green gram, Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association said.

Myanmar mainly exports black gram, green gram and pigeon peas to foreign markets. Of them, black gram and pigeon peas are primarily shipped to India, while green gram is exported to China and Europe.

The Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association stated that black grams, which India primarily purchases, are commonly found only in Myanmar, whereas pigeon peas, green gram and chickpeas are grown in African countries and Australia. **SMK**

More than 10,000 acres of peanut grown as winter crops in Phaungpyin Township

PHAUNGPYIN February 1

According to the statistics of Mawlaik District Department of Agriculture, local farmers have so far planted 10,944 acres of peanut as cold season crops in Phaungpyin Township of Sagaing Region.

They started cultivation of peanut on 11,516 acres of croplands earmarked by local authorities in 2024-2025 cold season, starting from October 2024. So far, they have planted 10,944 acres of peanut against the target cultivation.



Daw Kywe Kywe Hlaing, Head of Mawlaik District Department of Agriculture, commented: "This cold season, local authorities earmarked cultivation of 11,516 acres of peanut in Phaungpyin Township but farmers have grown 10,944 acres against the target. They are trying to meet the target cultivation. Sown acreage of peanut is on the rise year by year."

Farmers need to cost more than Ks-200,000 per acre of growing peanut for quality seeds, labour charge, fertilizers and pesticides using 1.5 baskets of peanut seeds per acre. The plantation yields more than 50 baskets of peanut per acre.

This year, officials of the Township Agriculture Department helped local farmers for prevention of pests and weeding the plantations to increase per-acre yield of crops. **SK**

Farmers finish cultivation of Bocate bean in Hainggyikyun

NGAPUTAW February 1

A total of 1,880 acres of Bocate bea has been planted in Hainggyikyun of Ngaputaw Township in Ayeyawady Region, said U Hsan Win, Head of Ngaputaw Township Agriculture Department.

Local authorities earmarked cultivation of 1,880 acres of Bocate bean in the township as cold season crops. So far, local farmers have planted all 1,880 acres of Bocate bean in the township meeting the target cultivation.

U Hsan Win disclosed: "Farmers can meet the target cultivation of Bocate bean on 1,880 acres of croplands in Hainggyikyun of Ngaputaw Township. Our department organized local farmers to grow crops meeting the target cultivation with necessary assistance."

Officials of the Agriculture Department cooperate with local farmers in prevention of pests and boosting per-acre yield of crops in the town. Officials of Agriculture Department, Irrigation and Water Utilization Management Department and Agricultural Research Department provide necessary aid for local farmers to meet the target cultivation of Bocate bean.

"I use quality strains of crops for cultivation of Bocate bean. Township authorities provide agricultural techniques and inputs to us. Now, I carry out prevention of pests and any other dangers at the plantations. I have made preparations in growing the bean for increase of per-acre yield more than the previous year," said Daw Saw, a farmer from Hainggyikyun.

SMK

Kawlin District finishes cultivation of more than 2,000 acres of vegetables

KAWLIN February 1

The statistics of Kawlin District Agriculture Department stated that a total of 2,158 acres of vegetables has been planted in the district of Sagaing Region this winter.

Local authorities earmarked cultivation of 6,152 acres of vegetables in Kawlin District in 2024-2025 cold season, and local farmers have planted 2,158 acres against the target.

U Win Thein, Head of Kawlin District Department of Agriculture, said: "We planned to grow more than 6,000 acres of vegetables in the district but local farmers have planted more than 2,000 acres of crops. They are trying hard to meet the target. They grow mustard, chilli, spicy, potato, cabbage, eggplants, Chinese cabbage and cauliflower. We raised farmer awareness to grow crops with GAP system for production of healthy crops with least chemical residues."

This year, Kawlin Township planted 588 acres of vegetables, Wuntho Township 220 acres and Pinlebu Township 1,350 acres, totalling 2,158 acres.

The Township Department of Agriculture conducted training course for growing vegetables to enhance capacity of farmers and departmental staff. Moreover, farmers are urged to produce healthy crops and expand sown acreage of vegetables.

Seasonal vegetable plantations are thriving in Kawlin District. Hence, local farmers can earn incomes from sale of vegetables. Officials of the relevant Agriculture Department help local farmers use good agricultural techniques in growing vegetables, prevent pests and systematically broadcast fertilizers and pests.

SK

4 IS militants killed in airstrikes in central Iraq



BAGHDAD February 1

Four Islamic State (IS) militants were killed on Friday in airstrikes on their hideout in central Iraq, the Iraqi military said.

Acting on intelligence reports, Iraqi forces spotted four IS militants in the Zarga area, a rugged area between the provinces of Salahudin and Kirkuk, and killed them all in two airstrikes on their hideout, according to a statement from the Security Media Cell, a media outlet affiliated with the Iraqi Joint Operations Command.

The security situation in Iraq has improved since the defeat of the IS in 2017. However, IS remnants have sneaked into urban centers, deserts, and rugged areas, carrying out frequent guerrilla attacks against security forces and civilians.

Xinhua

Crypto bubble and hot air: Trump is not going to make US into 'Bitcoin Superpower'

MOSCOW February 1

The 47th POTUS' boasts about making the United States a global cryptocurrency powerhouse are likely just that, boasts, veteran financial analyst Paul Goncharoff tells Sputnik.

The fact is that Trump is the president of the United States, "which governs the trust in, use, and control of the US dollar and not a trustless cryptocurrency like BTC, XRP, USDT, or USDC."

The US government establishing a "100 percent ownership and control" of a cryptocurrency, on the other hand, would simply "defeat the purpose of trustless crypto," so the odds of a US dollar CBDC emerging anytime soon are pretty low.

That said, there are no obstacles for the US government to hold crypto assets as part of its reserves – all it needs it proper legislation and congressional approval.

The loosening of crypto regulations expected under Trump, however, carries certain risks as "the clarity of what will be regulated is still missing" and "markets dislike uncertainty; it makes them jittery."

Sputnik

Small plane crashes in Philadelphia



NEW YORK February 1

A medevac plane with six people on board crashed in a northeast Philadelphia neighborhood shortly after takeoff on Friday evening, sparking a large fire, authorities said.

Jet Rescue Air Ambulance, the company operating the plane, confirmed that the aircraft was carrying four crew members, a pediatric patient who had just finished treatment in Philadelphia, and the patient's escort.

"At this time we cannot confirm any survivors," the company said in a statement.

During a Friday night press conference, Philadelphia Mayor Cherelle Parker said that the crash occurred shortly after 6 p.m. (2300 GMT). "As of right now, we have no reports on the number of fatalities," she said, adding that several dwellings and vehicles were impacted.

Pennsylvania Governor Josh Shapiro, speaking alongside Parker and other city officials at the press conference, warned of expected fatalities in this "awful aviation disaster."

"We know that there will be loss," he said.

The Federal Aviation Administration (FAA) had reported only two people aboard the plane, but later updated the number to six. It's unclear whether the passengers were ejected or managed to escape. Several people on the ground were reported to have been injured.

The Learjet 55 plane, en route from Philadelphia for Springfield, Missouri, had just taken off from the Northeast Philadelphia Airport when the tragedy happened, said the FAA in a statement. It came down in a busy intersection near Roosevelt Mall in a densely populated residential area. The crash set multiple homes and cars on fire.

Emergency crews are responding to the fire on site, CBS News reported.

President Donald Trump posted on social media that it was "so sad to see the plane go down in Philadelphia, Pennsylvania. More innocent souls lost. Our people are totally engaged. First Responders are already being given credit for doing a great job."

"We are offering all resources as (emergency services) respond to the small private plane crash in Northeast Philly," Shapiro wrote on the social platform X. "We'll continue to provide updates as more information is available."

The FAA confirmed that the National Transportation Safety Board will lead the investigation into the crash.

The crash came just days after a deadly collision between an American Airlines jet and a U.S. Army Black Hawk helicopter over Washington, D.C., which claimed 67 lives, marking the deadliest airplane crash in the United States since 2009.

Xinhua

New blow to US sanctions: Russia and China boost NVIDIA performance 800-fold

MOSCOW February 1

Scientists from the two countries have developed a breakthrough algorithm using information from reverse engineering video card accelerators. The algorithm allows gaming GPUs to be used for scientific computing.

The innovation was achieved by specialists from Shenzhen MSU-BIT University, co-founded by Lomonosov Moscow State University and Beijing Institute of Technology.

This enables Russia and China to reduce their reliance on NVIDIA GPUs, weakening the impact of US sanctions.

It also means that Russia and China need to buy less NVIDIA GPUs, which likely led to the collapse of NVIDIA stock price, Russoft association President Valentin Makarov tells Sputnik.

He believes ongoing research includes new machine learning algorithms and a next-gen GPU being developed in Russia.

These advancements highlight Russia's technological expertise, allowing collaboration with China and potential future partnerships with India.

Sputnik

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 21

will and shall 1

D We use **shall** mostly in the questions **shall** I … ? / **shall we** … ?
We use **shall I** … ? / **shall we** … ? to ask if it’s OK to do something or to ask for a suggestion:

- **Shall I** open the window? (= do you want me to open it?)
- I’ve got no money. What **shall I** do? (= what do you suggest?)
- ‘**Shall we** go?’ ‘Just a minute. I’m not ready yet.’
- ‘Where **shall we** have lunch?’ ‘Let’s go to Marino’s.’

Compare **shall I** … ? and **will you** … ? :

- **Shall I** shut the door? (= do you want me to shut it?)
- **Will you** shut the door? (= I want you to shut it)

I am doing (future) ▪ **Unit 19** **will** and **shall** 2 ▪ **Unit 22** **I will** and **I’m going to** ▪ **Unit 23**
American English ▪ **Appendix 7**

Exercises

21.1 Complete the sentences with I’ll + a suitable verb.

1 ‘How are you going to get home?’ ‘I think I’ll take a taxi.’
2 ‘It’s cold in this room.’ ‘Is it? ..... on the heating then.’
3 ‘Are you free next Friday?’ ‘Let me see. ..... my diary.’
4 ‘Shall I do the washing-up?’ ‘No, it’s all right. ..... it later.’
5 ‘I don’t know how to use this phone.’ ‘OK, ... you.’
6 ‘Would you like tea or coffee?’ ‘ ..... coffee, please.’
7 ‘Are you coming with us?’ ‘No, I think ..... here.’
8 ‘Can you finish this report today?’ ‘Well, ... , but I can’t promise.’

21.2 Read the situations and write sentences with I think I’ll … or I don’t think I’ll … .

1 It’s a bit cold. The window is open and you decide to close it. You say:
It’s cold with the window open. I think I’ll close it.
2 You are feeling tired and it’s getting late. You decide to go to bed. You say:
I’m tired, so ..... . Goodnight!
3 The weather is nice and you need some exercise. You decide to go for a walk. You say:
It’s a lovely morning. ..... . Do you want to come too?
4 You were going to have lunch. Now you decide you don’t want to eat anything. You say:
I don’t feel hungry any more. ..... lunch.
5 You planned to go swimming today. Now you decide not to go. You say:
I’ve got a lot to do, so .....today.

Raymond Murphy

ကမ္ဘာ့နိုင်ငံများကြား ပြင်းထန်လာဖွယ်ရှိသည့် AI နည်းပညာယှဉ်ပြိုင်မှု

မောင်သုတ



AI model များဖြစ်သည့် DeepSeek နှင့် ChatGPT တို့အား ယှဉ်ပြိုင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံက ၎င်းတို့၏ AI model တစ်ခုကို ယခု ၂၀၂၅ ခုနှစ် အကုန်ပိုင်းတွင် ထုတ်ဖော်ပြသမည်ဟု ကြေညာလိုက်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ဦးဆောင်သည့် အိန္ဒိယအစိုးရသည် လက်ရှိတွင် AI နည်းပညာမြှင့်တင်ရေးအဆိုပြုချက် ၁၈ ရပ်ကို အတည်ပြုလက်ခံပြီးဖြစ်သည်။

ထို့ပြင်ကိုယ်ပိုင် AI model ထုတ်လုပ်ရေးအတွက် ကြိုးပမ်းရာတွင်လည်း ယခုအခါ အခြေခံလိုအပ်ချက်များကို ထုတ်လုပ်ထားနိုင်သည့် အဆင့်သို့ရောက်ရှိနေပြီး နိုင်ငံ၏ ထူးခြားသည့် အခြေအနေများနှင့် လိုအပ်ချက်များနှင့်ကိုက်ညီသည့် စနစ်တစ်ခု ထုတ်လုပ်နိုင်ရန်အတွက် အာရုံစိုက်လုပ်ဆောင်လျက်ရှိရာ လာမည့် ၁၀ လအတွင်း AI model တစ်ခုကိုထုတ်ဖော်ပြသနိုင်မည်ဖြစ်ကြောင်း အိန္ဒိယအီလက်ထရွန်နစ်နှင့် IT နည်းပညာဝန်ကြီး အက်ဝိနီ ဗိုင်ရှနောက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ AI model ထုတ်လုပ်ရေးသည် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့် ကုန်ကျနိုင်ပြီး အစိုးရက ဖော်ဆောင်နေသည့် AI နည်းပညာမြှင့်တင်ရေးအစီအစဉ်တွင် ဘီလီယံနာတစ်ဦးဖြစ်သည့် မူကက်ရှ် အယ်ဘာနီ၏ Jio Platform လည်းပါဝင်လျက်ရှိသည်။

အယ်ဘာနီ၏ Jio Platform သည် ဂူဂျာရက်ပြည်နယ် ဂျမ်နာဂါမြို့တွင် ကမ္ဘာ့အကြီးဆုံး ဒေတာအချက်အလက်စင်တာတစ်ခုကို တည်ထောင်ရန်ကြိုးပမ်းလျက်ရှိသည်ဟု Bloomberg ကယခုလအစောပိုင်းတွင်ဖော်ပြခဲ့သည်။ ထို့ပြင် အယ်ဘာနီဦးဆောင်သည့် Reliance Industries လုပ်ငန်းကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးရေနံစိမ်းသန့်စင်ရေးစက်ရုံကို အဆိုပါမြို့တွင်ဖွင့်လှစ်ထားသည်။

အိန္ဒိယနိုင်ငံ၏ ထုတ်ဖော်ပြောကြားချက်သည် တရုတ်နိုင်ငံ၏ DeepSeek AI model ကြောင့် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် အနောက်နိုင်ငံများတွင် ဂယက်ရိုက်ခတ်မှုများဖြစ်ပွားပြီး နောက်ပိုင်းတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အခြားတရုတ်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Alibaba သည် DeepSeek AI model ထက်ပိုမိုသာလွန်ကောင်းမွန်သည့် Qwen 2.5-Max ကို ထုတ်လုပ်နိုင်ခဲ့သည်ဟု တရုတ်နှစ်သစ်ကူးအခါသမယတွင် ထုတ်ပြန်ခဲ့ခြင်းကြောင့် ယခုအခါ AI နည်းပညာတွင် ပြိုင်ဆိုင်မှုသည် ပိုမိုကြီးထွားလာပြီဖြစ်သည်ဟုဆိုနိုင်သည်။

အဆိုပါပြိုင်ဆိုင်မှုတွင် တရုတ်ကုမ္ပဏီများ၏ ကုန်ကျစရိတ်သက်သာသည့် AI model များကြောင့် အမေရိကန်ပြည်ထောင်စုတွင် အခြေစိုက်ထားသည့် ကုမ္ပဏီအများစုမှာ အံ့အားသင့်ခဲ့ရသည့်အပြင် အစိုးရအဖွဲ့အတွက်ပါ စိုးရိမ်မကင်းဖြစ်စေခဲ့သည်။

အမေရိကန်နည်းပညာကုမ္ပဏီများအား ဂယက်ရိုက်စေခဲ့သည့်အရာမှာ DeepSeek က ထုတ်လုပ်ခဲ့သော DeepSeek R1 model ဖြစ်သည်။ ၎င်း၏ စွမ်းဆောင်ရည်သည် OpenAI ကို ပခုံးချင်းယှဉ်နိုင်သည့်အပြင် Open-source ဖြစ်ပြီး hardware ပိုင်းအရင်းအနှီးကုန်ကျစရိတ်မှာ သက်သာမှုရှိသောကြောင့် အမေရိကန် Nvidia ကဲ့သို့သော ကုမ္ပဏီကြီး၏ အစုရှယ်ယာများမှာ ဒေါ်လာ ၅၉၃ ဘီလီယံခန့်မှာ တစ်ရက်တည်းမှာပင် ထိုးကျသွားခဲ့ရသည်။

၎င်းဖြစ်စဉ်သည် အမေရိကန်စတော့ဈေးကွက်သမိုင်းမှာ တစ်ရက်အတွင်း စတော့တန်ဖိုးကျဆင်းမှုအများဆုံးပမာဏဖြစ်လာခဲ့သည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံအများအပြားက DeepSeek ၏ စွမ်းဆောင်ရည်အပေါ် ကြိုက်နှစ်သက်ခဲ့ရာ ဇန်နဝါရီလ ၂၀ ရက်မှာ နောက်ဆုံး version ထွက်ပေါ်လာပြီး Apple Store ၌ လူအများဆုံး download ရယူခဲ့ရသည့် အပလီကေးရှင်းတစ်ခုဖြစ်လာခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့၏ AI model များကြား ကွဲပြားစေသည့်အချက်မှာ ထုတ်လုပ်မှုကုန်ကျစရိတ်ဖြစ်ပြီး DeepSeek အနေဖြင့် ၎င်းတို့၏နောက်ဆုံးပေါ် AI ကို ထုတ်လုပ်ရန်အတွက် ဒေါ်လာ ၅ သန်းအသုံးပြုခဲ့ရပြီး OpenAI ကမူ ၂၀၂၄ ခုနှစ် တစ်နှစ်တည်းမှာ ဒေါ်လာ ၅ ဘီလီယံသုံးစွဲခဲ့ရသည်ဟု ပြောကြားခဲ့ခြင်းကြောင့် တရုတ်နိုင်ငံ၏ DeepSeek ၏ထုတ်လုပ်မှုကုန်ကျစရိတ်မှာ အဆပေါင်းများစွာကွာခြားလျက်ရှိသည်။

ယခုအခါ Alibaba က DeepSeek AI model ထက်ပိုမိုသာလွန်ကောင်းမွန်သည့် Qwen 2.5-Max ကို ထုတ်လုပ်နိုင်ခဲ့သည်ဟု ထုတ်ပြန်ထားသည့်အပြင် အိန္ဒိယနိုင်ငံကလည်း ၎င်းတို့၏ AI model ကို ယခုနှစ်ကုန်ပိုင်းတွင် ထုတ်လုပ်မည်ဟု ဆိုထားသောကြောင့် ကမ္ဘာ့နိုင်ငံများကြား AI နည်းပညာယှဉ်ပြိုင်မှုသည် အရှိန်အဟုန်ပြင်းထန်စွာစတင်လာပြီဟုဆိုနိုင်သည်။

Ref: RT, Tomsguide

သမ္မတပူတင်နှင့် ဆွေးနွေးသည်နှင့်တစ်ပြိုင်နက် ထူးခြားကောင်းမွန်သည့် ရလဒ်ထွက်ပေါ်မည်ဟု ထရမ့်မျှော်လင့်



ဝါရှင်တန်၊ နိုင်ငံရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးသည်နှင့်တစ်ပြိုင်နက် ထူးခြားကောင်းမွန်သည့် ရလဒ်ထွက်ပေါ်လာမည်ဟုမျှော်လင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

မိမိတို့နှစ်ဦးကြား ဆွေးနွေးမှုများကို လုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါဆွေးနွေးမှုမှထူးခြားသည့် ရလဒ်ထွက်ပေါ်လာနိုင်ကြောင်း ထရမ့်က ဇန်နဝါရီလ ၃၁ ရက်တွင် အိမ်ဖြူတော်၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များကို ပြောသည်။

ထို့ပြင်မိမိတို့အနေဖြင့်ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် လေးနက်သည့် ဆွေးနွေးမှုများကို လုပ်ဆောင်လျက်ရှိကြောင်း ၎င်းကဆက်ပြောသည်။ သို့ရာတွင် ပူတင်နှင့် ဆွေးနွေးခဲ့ခြင်းရှိ၊ မရှိဟူသော မေးခွန်းချက်ကို ၎င်းကအတိအကျဖြေကြားခဲ့ခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စုတွင် ထရမ့်သမ္မတအဖြစ် ဒုတိယသက်တမ်းစတင်ထမ်းဆောင်ခဲ့ပြီးချိန်မှစ၍ ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံဆွေးနွေးရန်အသင့်ရှိသည်ဟု ထရမ့်က ထပ်တလဲလဲပြောကြားထားကြောင်းသိရသည်။ Ref: RT

ပါလက်စတိုင်းနှင့် အီဂျစ်အကျဉ်းသား ၁၈၃ ဦးကို အစ္စရေးပြန်လွှတ်ပေး

ဂါဇာ၊ နိုင်ငံရေး

အစ္စရေးနိုင်ငံသည်ဟားမက်စ်စစ်သွေးကြွအဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ၎င်းတို့ထိန်းသိမ်းထားသည့် ပါလက်စတိုင်းနှင့် အီဂျစ်အကျဉ်းသား ၁၈၃ ဦးကို ဖေဖော်ဝါရီလ ၁ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်းသိရသည်။

အစ္စရေးအစိုးရသည် ၎င်းတို့ပြန်လွှတ်ပေးလိုက်သည့် အကျဉ်းသားများအား ကြက်ခြေနီအဖွဲ့မှတစ်ဆင့် ပါလက်စတိုင်းသို့ ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်သည်။ ၎င်းအကျဉ်းသားများအနက် ၁၅၀ ဦးမှာ ဂါဇာကမ်းမြောင်ဒေသမှဖြစ်ပြီး ၃၂ ဦးမှာ အနောက်ဘက်ကမ်းခြေဒေသနှင့် ကျန်တစ်ဦးမှာ အီဂျစ်နိုင်ငံသားဖြစ်ကြောင်း သိရသည်။

ဟားမက်အဖွဲ့က ၎င်းတို့ဖမ်းဆီးထားသည့် အစ္စရေးဓားစာခံ သုံးဦးအား ဖေဖော်ဝါရီလ ၁ ရက် အစောပိုင်းက ပြန်လွှတ်ပေးပြီးနောက် အစ္စရေးက ပါလက်စတိုင်းနှင့် အီဂျစ်နိုင်ငံသားတို့ပါဝင်သည့် အကျဉ်းသားများကို ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းဟားမက်တို့ကြား အကျဉ်းသားအပြန်အလှန်လွှဲပြောင်းပေးမှုသည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ Ref: Xinhua



ဖီလာဒဲဖီးယားမြို့တွင် လူခြောက်ဦးကိုတင်ဆောင်လာသည့် ဆေးကုသရေး လေယာဉ်တစ်စင်းပျက်ကျ



နယူးယောက်၊ မတော်တဆမှု

အမေရိကန်ပြည်ထောင်စု ဖီလာဒဲဖီးယားမြို့တွင် လူခြောက်ဦးကိုတင်ဆောင်လာသည့်ဆေးကုသရေးလေယာဉ်တစ်စင်း လူနေရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ရာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

Jet Rescue Air Ambulance ပိုင် အဆိုပါလေယာဉ်သည်ပင်ဆယ်ဗေးနီးယားပြည်နယ် ဖီလာဒဲဖီးယားမြို့ရှိ North-east Philadelphia လေဆိပ်မှ ဇန်နဝါရီလ ၃၁ ရက် ဒေသစံတော်ချိန် ည ၆ နာရီခန့်တွင် ပျံသန်းပြီးမကြာမီ ပျက်ကျခဲ့ခြင်းဖြစ်ပြီး လူနေရပ်ကွက်အတွင်းရှိ လူနေအိမ်အချို့နှင့် မော်တော်ယာဉ်အချို့ မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

လေယာဉ်ပေါ်တွင် အမှုထမ်းလေးဦး၊ လူနာတစ်ဦးနှင့် လူနာစောင့်တစ်ဦးလိုက်ပါလာကြောင်း၊ လက်ရှိတွင် လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးရသည့် လူအရေအတွက်ကို အတိအကျမသိရသေးကြောင်း ဖီလာဒဲဖီးယားမြို့တော်ဝန် ချားရယ်ပါကာက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ **Ref:Xinhua**

လုပ်သားဝင်ရောက်မှုဆိုင်ရာသဘောတူညီချက် ချမှတ်နိုင်ရေးအတွက် အိန္ဒိယနှင့်ရုရှားဆွေးနွေး



နယူးဒေလီ၊ နိုင်ငံရေး

အိန္ဒိယနှင့်ရုရှားနိုင်ငံတို့သည် ၎င်းတို့နှစ်နိုင်ငံကြား လုပ်သားဝင်ရောက်မှုဆိုင်ရာသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း အိန္ဒိယသံအမတ် ဗီနေးကူမားက ပြောသည်။

အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ ရုရှားနိုင်ငံအတွင်းသို့ အလွယ်တကူဝင်ရောက်လာနိုင်ရေးနှင့်စပ်လျဉ်း၍ အိန္ဒိယနှင့် ရုရှားတို့ကြား နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ယင်းသဘောတူညီချက်သည် နှစ်နိုင်ငံကြား ဆက်ဆံရေးကို ပိုမိုခိုင်ခံ့ကောင်းမွန်စေမည်ဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ် ဗီနေးကူမားက နိုင်ငံတကာရေးရာမဂ္ဂဇင်းနှင့် လုပ်ဆောင်သည့်တွေ့ဆုံမေးမြန်းခန်းတွင်ပြောသည်။

အဆိုပါသဘောတူညီချက်အရ အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သူများ အထူးသဖြင့် သတင်းအချက်အလက်နည်းပညာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စက်မှုအင်ဂျင်နီယာစသည့် နယ်ပယ်များမှ ကျွမ်းကျင်သူများ အနေဖြင့် ရုရှားနိုင်ငံ၏လုပ်သားအင်အားစုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အနောက်နိုင်ငံများ၏ဖိအားပေးမှုများရှိနေသော်လည်း ရုရှားနှင့် သံတမန်ဆက်ဆံရေး၊ ကုန်သွယ်ရေးတို့ကို ဆက်လက်ထိန်းသိမ်းထားပြီး အထူးသဖြင့် စွမ်းအင်၊ ကာကွယ်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **Ref: RT**

အီရတ်အလယ်ပိုင်းတွင် လုပ်ဆောင်ခဲ့သည့် လေကြောင်း တိုက်ခိုက်မှုအတွင်း IS စစ်သွေးကြွအဖွဲ့ဝင်များအား ချေမှုန်းနိုင်ခဲ့

ဘဂ္ဂဒတ်၊ အကြမ်းဖက်တိုက်ဖျက်ရေး

အီရတ်နိုင်ငံအလယ်ပိုင်းတွင် လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း IS စစ်သွေးကြွအဖွဲ့ဝင်လေးဦးကို ချေမှုန်းနိုင်ခဲ့ကြောင်း အီရတ်တပ်မတော်က ထုတ်ပြန်သည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုကို ဧဝါဒေသရှိ စစ်သွေးကြွများပုန်းအောင်းနေသည့် ပစ်မှတ်တစ်ခုအပေါ် ဇန်နဝါရီလ ၃၁ ရက်က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးဌာနချုပ်နှင့် နီးစပ်သည့် လုံခြုံရေးမီဒီယာတစ်ခုက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေများသည် IS စစ်သွေးကြွအဖွဲ့အား တိုက်ထုတ်နိုင်ခဲ့သည့် ၂၀၁၇ ခုနှစ်မှစ၍ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့သော်လည်း စစ်သွေးကြွအဖွဲ့မှ အကြွင်းအကျန်များက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား ပြောက်ကျားနည်းဖြင့် တိုက်ခိုက်လျက်ရှိသေးကြောင်း သိရသည်။ **Ref:Xinhua**



သတင်းတိုကဏ္ဍ

ဂျေဂျူးကျွန်းကမ်းလွန်တွင် ငါးဖမ်းသင်္ဘောနှစ်စင်း သောင်တင်ခဲ့ရာ တစ်ဦးသေဆုံးပြီး အခြားသုံးဦးပျောက်ဆုံး

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဂျေဂျူးကျွန်းကမ်းလွန်တွင် ဖေဖော်ဝါရီလ ၁ ရက်က ငါးဖမ်းသင်္ဘောနှစ်စင်း သောင်တင်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး အခြားသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ယွန်ဟပ်သတင်းအေဂျင်စီကဖော်ပြသည်။

တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ တန်ချိန် ၃၂ တန်ရှိပြီး ရေယာဉ်အမှုထမ်း ခုနစ်ဦးလိုက်ပါလာသည့် ငါးဖမ်းသင်္ဘောနှင့် အလေးချိန် ၂၉ တန်ရှိပြီး ရေယာဉ်လုပ်သား ရှစ်ဦးကိုတင်ဆောင်လာသည့် အခြားငါးဖမ်းသင်္ဘောတို့မှာ သောင်တင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကယ်ဆယ်ရေးအဖွဲ့က သင်္ဘောများပေါ်ရှိ အမှုထမ်း ၁၂ ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း အသက် ၅၀ ကျော်အရွယ်ရှိ ရေယာဉ်မှူးတစ်ဦးမှာ နောက်ပိုင်းတွင် ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်းသိရသည်။ ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ရှာဖွေလျက်ရှိသည်။

Ref:Xinhua

ဖူးခက်အပန်းဖြေကျွန်းတွင် ဘတ်စကားတစ်စီး ချောက်အတွင်းသို့ထိုးကျ ကိုးဦးဒဏ်ရာရရှိ

ထိုင်းနိုင်ငံ ဖူးခက်အပန်းဖြေကျွန်းတွင် ဖေဖော်ဝါရီလ ၁ ရက်က နိုင်ငံခြားသားများကို တင်ဆောင်လာသည့် ဘတ်စကားတစ်စီး ချောက်အတွင်းသို့ထိုးကျခဲ့ရာ ခရီးသည်ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါခရီးသည်တင်ဘတ်စကားသည် မောင်းနှင်လာစဉ် ယာဉ်ကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ လမ်းနံဘေးရှိအတားအဆီးများကို ဝင်တိုက်မိပြီးနောက် Le Meridien ဟိုတယ်အနီး ၁၅ မီတာအနက်ရှိ ချောက်အတွင်းသို့ ထိုးကျသွားခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများအား Patong ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများတွင် အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦးပါဝင်ပြီး အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

Ref: NT

ဆူဒန်နိုင်ငံမြောက်ဘက်ရှိ ဈေးတစ်ခုအားပြည်သူ့စစ်များက တိုက်ခိုက် ၅၄ ဦးသေဆုံးပြီး ၁၅၈ ဦးဒဏ်ရာရ

ဆူဒန်နိုင်ငံ မြို့တော်ခါတွမ်း၏ မြောက်ဘက်ရှိ အွန်ဒါမန်မြို့ရှိ ဈေးတစ်ခုအား ပြည်သူ့စစ်များက ဖေဖော်ဝါရီလ ၁ ရက်တွင် တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၅၄ ဦးသေဆုံးပြီး ၁၅၈ ဦးဒဏ်ရာရရှိသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ဆူဒန်ပြည်သူ့စစ်အမြန်ထောက်ပံ့ရေးတပ်ဖွဲ့ဟု အမည်ပေးထားသည့် ပြည်သူ့စစ်များသည်လူစည်ကားသည့်ဈေးအတွင်းသို့ တမင်ရည်ရွယ်၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများအား ကုသပေးနိုင်ရန်အတွက် သွေးနှင့်အခြားကုသရေးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း ဆေးကုသရေးအရင်းအမြစ်တစ်ခုက ပြောသည်။

ဆူဒန်တပ်မတော်နှင့် ပြည်သူ့စစ်တို့အကြား ၂၀၂၃ ခုနှစ်မှစ၍ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါပဋိပက္ခများကြောင့် လူထောင်ပေါင်းများစွာသေဆုံးပြီး လူသန်းနှင့်ချီ၍ နေအိမ်များကို စွန့်ခွာထွက်ပြေးနေရကြောင်း သိရသည်။

Ref: Xinhua, Middleeastmonitor

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမ(၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲခန့်, မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဂုဝ ဒီဂရီဖာရင်ဟိုက်မှ ဂုဇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၃၇ ဒီဂရီဖာရင်ဟိုက်ခန့်, စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၇ ဒီဂရီဖာရင်ဟိုက်မှ ၅၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၇ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၉ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၂ မိလီမိတာမှ ၃၀ မိလီမိတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၃၁ မိလီမိတာမှ ၃၉ မိလီမိတာအတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၀ မိလီမိတာမှ ၅၀ မိလီမိတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

MFF ဖူဆယ်လိဂ်-၂ ပွဲစဉ် (၉) တွင် ထိပ်ဆုံးမှ TG United အပါအဝင် ဇယားထိပ်ပိုင်းမှ အသင်းအများစု အနိုင်ရရှိ



ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၉) ကို ဖေဖော်ဝါရီလ ၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ပိုင်းအသင်းအားလုံး နိုင်ပွဲရရှိသည်။

ပွဲစဉ် (၉) တွင် Pacific Sun Far အသင်းက KKY အသင်းကို ၃ ဂိုး ၁ဂိုး၊ Black Cross အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၇ ဂိုး ၁ဂိုး၊ Gold Dream အသင်းက လက်ဝဲသုန္ဒရအသင်းကို ၆ ဂိုး ၁ ဂိုး၊ JZ Yangon အသင်းက 7 Brother အသင်းကို ၃ ဂိုး ၂ ဂိုး၊ 7 Dragon အသင်းက YCDC Marga Youth အသင်းကို ၅ ဂိုး ၄ ဂိုး၊ TG United အသင်းက Maryar အသင်းကို ၇ ဂိုး ၃ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၉) အပြီးတွင် TG United အသင်းက ၂၁ မှတ်၊ 7 Dragon အသင်းက ၂၀ မှတ်၊ JZ Yangon အသင်းက ၁၉ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၇ မှတ်စီ၊ Gold Dream အသင်းက ၁၅ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ YCDC Marga Youth အသင်းက ကိုးမှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ Maryar အသင်းက ခြောက်မှတ်၊ 7 Brother အသင်းကသုံးမှတ် ရရှိထားသည်။

သတင်း-ရဲရင့်လွင်

ဓာတ်ပုံ-MFF

MFF ယူ-၁၅ လိဂ်ပြိုင်ပွဲ မန္တလေးဇုန်နှင့် တောင်ကြီးဇုန်ပွဲစဉ်များစတင်



ရန်ကုန် ဖေဖော်ဝါရီ ၁

MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်များကို ဖေဖော်ဝါရီလ ၁ ရက်က စတင်ကျင်းပသည်။

မန္တလေးဇုန်ပွဲစဉ်များကို မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အဖွင့်ပွဲတွင် Sparrow အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ တောင်ကြီးဇုန်ပွဲစဉ်များကို ရွှေညောင်ဘောလုံးကွင်း၌ ကျင်းပပြီး ပထမနေ့တွင် ရှမ်းအရှေ့ (TCL Academy) အသင်းက Paw Muu Region အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှမ်းတောင် အသင်းနှင့် Paoh Newgeneration အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယနေ့ကို ဖေဖော်ဝါရီလ ၂ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးဇုန်တွင် Middle Shan State အသင်းနှင့် အင်းလေးလူငယ်အသင်း၊ မန္တလေးဇုန်တွင် ရွှေပလိပ်အသင်းနှင့် Youth Soccer Future အသင်း၊ STNM အသင်းနှင့် အနီးစခန်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မန္တလေးဇုန်တွင် အသင်းခြောက်သင်း ယှဉ်ပြိုင်နေပြီး Sparrow အသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်း၊ ရွှေပလိပ်အသင်း၊ Youth Soccer Future အသင်း၊ STNM အသင်း၊ အနီးစခန်းအသင်းတို့ ပါဝင်နေသည်။ ယင်းပွဲစဉ်များကို ဖေဖော်ဝါရီလ ၁ ရက်မှ ဇွန်လ ၁၅ ရက်အထိ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့်အသင်းမှာ Grand Final သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ တောင်ကြီးဇုန်တွင် ရှမ်းတောင်အသင်း၊ Paoh Newgeneration အသင်း၊ ရှမ်းအရှေ့ (TCL Academy) အသင်း၊ Paw Muu Region အသင်း၊ Middle Shan State အသင်းနှင့် အင်းလေးလူငယ်အသင်းတို့ ခြောက်သင်းယှဉ်ပြိုင်နေသည်။ တောင်ကြီးဇုန်ပွဲစဉ်များကို ဖေဖော်ဝါရီလ ၁ ရက်မှ ဇွန်လ ၁၅ ရက်အထိ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့်အသင်းမှာ Grand Final သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ယခုရာသီ MFF ယူ-၁၅ လိဂ်ပြိုင်ပွဲကို ရန်ကုန်၊ တောင်ကြီးနှင့် မန္တလေးမြို့တို့တွင် ဇုန်သုံးခုခွဲ၍ ကျင်းပလျက်ရှိသည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-MFF

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်



ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ်(၂၀)ကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးဇော်လင်းထက်နှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးဦးဇော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်တံတားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်က ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်ကသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကနဦးစီစစ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူရက လုပ်ငန်းလိုင်စင်များ လျှောက်ထားဆောင်ရွက်ရမည့်အခြေအနေများအား လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းတွင် ငွေကြေးခဝါချမှုနည်းပုံစံများဖြစ်သည့် အိမ်ခြံ/မြေ/မော်တော်ယာဉ်စသည့် အဖိုးတန်ပစ္စည်းများဝယ်ယူခြင်း၊ ငွေကြေးလဲလှယ်ခြင်းနှင့်ငွေသားပြောင်းလဲခြင်း၊ တရားဝင်နှင့်တရားမဝင်ငွေကြေးများရောနှောပြသခြင်း၊ အမည်ခံ/ဘဏ္ဍာထိန်း/မိသားစုဝင်/တတိယအဖွဲ့အစည်းများအသုံးပြုခြင်း၊ သဏ္ဌာန်ဆောင်ကုမ္ပဏီများအသုံးပြုခြင်း၊ ငွေဆက်သားကိုအသုံးပြုခြင်း၊ ကုန်သွယ်မှုအသုံးပြုခြင်း၊ လောင်းကစား(ထီ)အသုံးပြုခြင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို အသုံးပြုခြင်းများသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းများ ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့်သင်တန်းသို့ သင်တန်းသား ၁၀၀ ကျော်တက်ရောက်ကြကြောင်း သိရသည်။

ဝန်းရံခ

သန်လျင်မြို့နယ် မင်္ဂလာနန်းကျေးရွာ၌ လယ်ယာမြေကေများစွာကိုအကျိုးပြုမည့် ကျေးလက်ဂဝံကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်္ဂလာနန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လယ်ယာဧကများမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက် အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သည့် ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်လင်းသန်း၊ သန်လျင်ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မင်္ဂလာနန်းကျေးရွာတွင် အရှည် ၂ မိုင် ၂ ဒသမ ၉၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိကျေးလက်ဂဝံကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ တိုင်းဒေသကြီး ဦးစီးမှူးကဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မင်္ဂလာနန်းကျေးရွာ၌ အဆိုပါ ကျေးလက်ဂဝံကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅၅၀ ဒသမ ၄ သန်းကို အသုံးပြုကာ သန်လျင် ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

မောင်ခိုင်

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်တွင် ရာသီဝက်ချန်ပီယံဆု အတွက် အဆုံးအဖြတ်ပွဲပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၉)ကို ဖေဖော်ဝါရီလ ၂ ရက် **(ယနေ့)**တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး ရာသီဝက်ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပါဝင်နေသည်။

ပွဲစဉ်(၉)အဖြစ် ဖူဆယ်ချစ်သူအသင်းနှင့် Generations အသင်း၊ MH Dream Team အသင်းနှင့် MIU အသင်း၊ M2K အသင်းနှင့် SGF အသင်း၊ YCDC Marga အသင်းနှင့် YRG အသင်း၊ Winner Soccer အသင်းနှင့် VUC အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်တွင် ရာသီဝက်ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲအဖြစ် နှစ်မှတ်အကွာဖြင့် အပြိုင်ဖြစ်နေသည့် ထိပ်ဆုံးမှ MIU အသင်းနှင့် ဒုတိယနေရာမှ MH Dream Team အသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နှစ်သင်းစလုံး ရှုံးပွဲမရှိသေးဘဲ ရလဒ်ကောင်းရယူနေသည့်အသင်းများဖြစ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်မည့်ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ ပွဲစဉ်(၈)အပြီးတွင် MIU အသင်းက ၂၂ မှတ်၊ MH Dream Team အသင်းက ၂၀ မှတ်၊ YRG အသင်းက ၁၅ မှတ်၊ Generations အသင်းက ၁၄ မှတ်၊ M2K အသင်းက ၁၁ မှတ်၊ VUC အသင်းက ၁၀ မှတ်၊ YCDC Marga အသင်းက ၈ မှတ်၊ Winner Soccer အသင်းက ၅ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၄ မှတ်၊ SGF အသင်းက ၃ မှတ်ရရှိထားကြောင်းသိရသည်။

ရဲရင့်လွင်

ဌာနဆိုင်ရာရုံးအဆောက်အအုံများမီးဘေးလုံခြုံရေးအတွက်စစ်ဆေးအကြံပေးခြင်း၊ DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ပုံသရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်ဖြင့်ရေစုံဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်

အုတ်တွင်း ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာရုံးအဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက်စစ်ဆေးအကြံပေးခြင်း၊ ဝန်ထမ်းများနှင့်မိသားစုဝင်များအား DCP မီးသတ်ဆေးဘူးဖြင့်လက်တွေ့သရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်ဖြင့်ရေစုံဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယနေ့ နံနက်ပိုင်းတွင်ဗောဓိကုန်းကျေးရွာရှိမြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးလုပ်ငန်းဝင်းဌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဌာနဆိုင်ရာရုံးအဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပေးရာတွင် လျှပ်စစ်မီးများသုံးစွဲရာ၌ ခံနိုင်ဝန်ထက်ပိုမိုအသုံးမပြုရေး၊ ဟောင်းနွမ်းသောလျှပ်စစ်မီးကြိုးအသစ်လဲလှယ်အသုံးပြုရေး၊ လျှပ်စစ်အသုံးပြုရာတွင်သတိထားရမည့်အချက်များ၊ ဆေးလိပ်သောက်ရာတွင် သတိပြုဆောင်ခြင်းသင့်သည့်အချက်များ၊ ဖယောင်းတိုင်နှင့် လောင်စာဆီအသုံးပြုရာတွင် သတိပြုသင့်သည့်အချက်များ၊ အမှိုက်မီးရှို့ရာတွင် လိုက်နာရမည့်အချက်များအား ဝန်ထမ်းများနှင့်မိသားစုဝင်များသိရှိလိုက်နာဆောင်ရွက်သွားကြရန်၊ မီးချို၏၊ မီးကပ်၊ ရေပုံး၊ သဲပုံးများနှင့်မီးသတ်ဆေးဘူးများထားရှိစေရေးနှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့အချိန်မီဆက်သွယ်အကြောင်းကြားပေးရန်အသိပညာဟောပြောပေးကြောင်းနှင့် DCP မီးသတ်ဆေးဘူးဖြင့်မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်သန္ဓေတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များပါဝင်သရုပ်ပြသခဲ့ပြီး မီးသတ်ယာဉ်ဖြင့် ရေစုံဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိထံမှသိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

ချင်းတွင်းတံတား(မုံရွာ) ရေလမ်းပြောင်းလဲမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

ချင်းတွင်းတံတား(မုံရွာ)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင် အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင် အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေကြောင်းရေလမ်း အခြေအနေအရ တံတားရေလမ်းကြောင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းကြောင်းအဖြစ် ရေလယ်တိုင် အမှတ်(၇) နှင့်(၈)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ပေ ၄၀ ရှိပြီး ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါအစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂)ခု အကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

(သတင်းစဉ်)

မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး ကုန်ကျစရိတ်သက်သာသည့် သစ်စိမ်းမြေဩဇာ ပိုက်ဆန်လျှော် ထည့်သွင်းစိုက်ပျိုးသင့်



မင်းဘူး ဖေဖော်ဝါရီ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာပိုက်ဆန်လျှော် အဖူးဝင်ချိန်ထွန်စက်ဖြင့် ထယ်ထိုးမြေမြှုပ်ထည့်သွင်းခြင်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဧန်နဝါရီလ ၃၁ ရက်က ကမ်းနီကျေးရွာ၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူး(စကု) မြို့နယ် ရွာသာယာကျေးရွာအုပ်စု ကမ်းနီကျေးရွာ ကွင်းအမှတ် (၁၄၁၂)ရှိ တောင်သူဦးလှအောင်၏ ပိုက်ဆန်လျှော် သစ်စိမ်းမြေဩဇာ အဖူးဝင်ချိန် ၄၅ ရက်သားစိုက်ခင်းအတွင်းကျင်းပရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဇော်က မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး ကုန်ကျစရိတ်သက်သာသည့် သစ်စိမ်းမြေဩဇာပိုက်ဆန်လျှော် ထည့်သွင်းစိုက်ပျိုးသင့်ကြောင်း တောင်သူအသိပညာပေး ရှင်းလင်းပြောကြားသည်။

သစ်စိမ်းမြေဩဇာ ပိုက်ဆန်လျှော် စိုက်ပျိုးရာတွင် မြေအစိုဓာတ်လုံလောက်မှုရှိပါက မည်သည့်မြေအမျိုးအစားတွင်မဆို ကောင်းစွာပေါက်ရောက်ရှင်သန်နိုင်ကြောင်း၊ ပိုက်ဆန်လျှော်သည် မျိုးစေ့ကုန်ကျမှုသက်သာကာ တခြားသီးနှံများမစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးနိုင်ပြီး အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများအတွက် အထူးသင့်တော်သည့် အပင်ဖြစ်၍ မြေအစိုဓာတ်ကို တာရှည်ခံအောင်ထိန်းသိမ်းထားနိုင်ကြောင်း၊ မိုးရေကို အဓိကထားပြီး စိုက်ပျိုးရသော ကုန်းပိုင်းယာမြေများ၌ မိုးသီးနှံမစိုက်ပျိုးမီအချိန် နှင့် လယ်မြေများတွင် မိုးစပါးရိတ်သိမ်းပြီးနောက် နွေသီးနှံမစိုက်ပျိုးမီ ပိုက်ဆံလျှော်မျိုးအားကြဲပက်စိုက်ပျိုး၍ အပင် ၄၅ ရက်သားမှ ၆၅ ရက်သား အဖူးဝင်ချိန်၌ သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုး/ထွန်စက်မောင်းပြီး မြေမြှုပ်ပေးရလေ့ရှိကြောင်း၊ အပင်၏အစိတ်အပိုင်းများကို အစိမ်းအတိုင်း ထယ်ထိုးမြေမြှုပ်ပြီး ၁၀ ရက်မှ ၁၄ ရက်အကြာ ကောင်းစွာဆွေးမြည့်ပြီးမှသာ တခြားသီးနှံများကို စိုက်ပျိုးသင့်ကြောင်း သိရသည်။

သစ်စိမ်းမြေဩဇာ ပိုက်ဆန်လျှော်စိုက်ပျိုးခြင်းအားဖြင့် မြေဆီလွှာအတွင်းရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးရုံသာမက မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေပြီး အပေါ်ယံမြေလွှာပျက်စီးမှုကို ကာကွယ်ပေးခြင်း၊ ဓာတ်မြေဩဇာဝယ်ယူမှုကုန်ကျစရိတ်သက်သာခြင်း၊ မြေညှဉ်များတွင် နှစ်စဉ်စိုက်ပျိုးပြီး ထွန်ယက်မြေမြှုပ်ပေးနိုင်ပါက စိုက်ပျိုးမြေ အရည်အသွေးတိုးတက်ကောင်းမွန်စေကြောင်း၊ မြေဆီလွှာ၏ အာဟာရဓာတ်ကိုဖြည့်တင်းပေးသော သဘာဝမြေဩဇာပင်ဖြစ်သည့်အတွက် အကုန်အကျသက်သာသော ပိုက်ဆန်လျှော်ကို ဝင်ငွေရသီးနှံများ စိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် နှစ်စဉ်စိုက်ပျိုးပါက ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၁ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခြင်ပေါက်ပွားမှုများပြားနိုင်သည့်အတွက် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး၊ ရေတင်ကျန်နိုင်သော ကားတာယာဟောင်းများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ အုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာပြည်သူ့ကျန်းမာရေးဌာနမှ ဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

မလှိုင်မြို့နယ် မင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဧန်နဝါရီလ ၃၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၅၁ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မင်းရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး အတွက် ငွေကျပ် ၁၈ ဒသမ ၄၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦး အတွက် ငွေကျပ် ၃၃ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးအတွက် ငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ဖျာပုံမြို့နယ်၌ ငါးကွမ်းရှုပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဖျာပုံ ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ငါးကွမ်းရှုပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဇာဇာမြင့်၏ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်၌ ငါးကွမ်းရှုပ်ခြောက်အပါအဝင် ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရောင်းချလျက်ရှိကာ ဧန်နဝါရီလတတိယပတ်မှစ၍ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် အဆိုပါဒေသမှ တစ်ရက်လျှင် ငါးကွမ်းရှုပ်ခြောက်ပိသာ ၁၀၀ မှ ၂၅၀ အထိ အရောင်း အဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ငါးကွမ်းရှုပ်ခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဧန်နဝါရီလတတိယပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ" ဟု ဒေါ်ဇာဇာမြင့်ကပြောသည်။

ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များပြုလုပ်ပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာပြီး ဒေသစျေးကွက်အတွင်း ငါးခြောက်စျေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ကာ ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လှကမြင်ကျေးရွာအုပ်စု ပါရမီတံတားအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်၊ ဌာနပေါင်းစုံအမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှ ဘားအံ-လှိုင်းဘွဲ့လမ်းမကြီး၊ မဲဘောင်-ရသဝေါ-လှာကမြင်-သာနုံး-ကော့ထော်လမ်း၊ မိဇ-ကော့ကူး-ပေါ့ထော်-နောင်ကမြိုင်လမ်းတို့နှင့် ချိတ်ဆက်ထားသည့် လှာကမြင်ကျေးရွာအုပ်စု ပါရမီတံတားအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၄၇ ဒသမ ၉၁၆ သန်းဖြင့် ရွှေဖားစည်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ၁၄ ပေအကျယ်၊ အရှည် ၁ မိုင် သုည ဒသမ ၃ ဖာလုံရှိ ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် လမ်းဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားသည်။

ဆက်လက်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံအမျိုးသားဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ ပြည်နယ်ဖူဆယ်အားကစားခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာများမှ အမျိုးသားဖူဆယ်ဘောလုံးအသင်း ၁၂ သင်း၊ အားကစားသမား ၁၈၀ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေဘောင်အတွင်းမှ သန့်သန့်ရှင်းရှင်းဖြင့် ယှဉ်ပြိုင်အနိုင်ယူကစားကြစေလိုပြီး ဒိုင်လူကြီးများ၏အဆုံးအဖြတ်ကိုလိုက်နာ၍ အားကစားသမားကောင်းစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းပြောကြားကာ ပြိုင်ပွဲအားဖွင့်လှစ်ပေးပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး၍ ဖူဆယ်ဘောလုံးအသင်းတစ်သင်းလျှင် ငွေကျပ် ငါးသိန်းစီချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမျိုးသားဖူဆယ်ဘောလုံးအသင်းနှင့်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနအမျိုးသားဖူဆယ် ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖူဆယ်အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး အဆိုပါအဖွင့်ပွဲစဉ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမျိုးသားဖူဆယ်ဘောလုံးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထိ ဝယ်ယူကံစမ်းနိုင်ပါပြီ။



*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထိ ဝယ်ယူကံစမ်းနိုင်ပါပြီ။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ နန်းသြကျေးရွာအုပ်စု၊ အင်ပင်ခုံကျေးရွာနေ ဦးအောင်ကြည်(ဘ)ဦးမင်းဒင် ၉/တကန(နိုင်)၀၆၉၈၀၀၉ ကိုင်ဆောင်သူသည် နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ နန်းသြကျေးရွာအုပ်စု၊ အင်ပင်ခုံကျေးရွာရှိ ကွင်းအမှတ်(၁၅၄၇)၊ ဦးပိုင်အမှတ်(၂၀)အတွင်း ယာမြေ(၃.၆၀)ဧကရှိ ဦးအောင်ကြည်အမည်ပေါက် ပုံစံ(၇)မူရင်းစာအုပ်မှာ ခရီးသွားလာရင်းပျောက်ဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်ဦးအောင်ကြည်သည် အဆိုပါ ပုံစံ(၇)စာအုပ်အား သက်ဆိုင်ရာမြေစာရင်းဌာနတွင် ပုံစံ(၇)ပျောက်ဆုံးကြောင်း လျှောက်ထားရယူမည် ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အသစ်ပြန်လည်လျှောက်ထားသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကြည်(ဘ)ဦးမင်းဒင်
၉/တကန(နိုင်)၀၆၉၈၀၀၉
အင်ပင်ခုံကျေးရွာ၊ နန်းသြအုပ်စု
ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့
နေပြည်တော်။

ပျောက်ဆုံးကြောင်း

ခင်မာကြူ(ဘ)ဦးရဲမြင့် ၈/တတက(နိုင်) ၁၁၀၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၅၁၀၆၀

ပျောက်ဆုံးကြောင်း

လင်းနိုင်ထွန်း(ဘ)ဦးအားချောက် ၁၃/လရန(နိုင်)၂၃၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၈၀၆၈၈၈

ပျောက်ဆုံးကြောင်း

ဇာနည်ဖြိုး(ဘ)ဦးမြင့်အောင် ၇/က၀န(နိုင်) ၁၄၆၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

မိမာမာနွယ်(ဘ)ဦးငွေဝင်း ၁၀/ခဆန(နိုင်) ၀၈၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၉၀၈၄၂၉၁

ပျောက်ဆုံးကြောင်း

စောကောင်းကင်ယံထက်ဦး(ဘ)အောင်သန်း ဦး ၃/လဘန(နိုင်)၁၉၃၅၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 762540)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

နှင်းပုလဲစု(ဘ)ဦးမျိုးထက် ၁၄/ဇလန(နိုင်) ၁၆၃၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

ပြည့်ဖြိုးကြွယ်(ဘ)ဦးမြင့်ကိုဦး ၁၄/ဟသတ (နိုင်)၂၀၆၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၀၁၃၃၇၉

ပျောက်ဆုံးကြောင်း

ထွန်းလင်းအောင်(ဘ)ဦးခင်ဆောင် ၁၄/ဇလန (နိုင်)၀၈၄၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၀၁၃၃၇၉

မြဝတီ နေ့စဉ်
ရောင်နုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)

ဖြန်မာပြည်အနှံဖြန့်ချိလျက်ရှိသော မြဝတီရောင်စုနေ့စဉ်သတင်းစာဖော်ပြရိသတ်များအား ကျေးဇူးတင်ရှိပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း

ငဖဲမြို့၊ မြို့မရပ်ကွက်နေ၊ စုစုနွယ်(ဘ)ဦးအောင်ရွှေ ၈/စတရ(နိုင်)၀၃၇၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 587299)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

အလိမ်မာစာမှာရှိ

ပရီးမီးယားလိဂ်ပွဲစဉ်(၂၄) အီတလီစီးရီးအေပွဲစဉ်(၂၃)နှင့် ပြင်သစ်လီဂူးပွဲစဉ်(၂၀) ပွဲကြိုသုံးသပ်ချက်



အာဆင်နယ် Vs မန်စီးတီး

ကစားမည့်ရက်/အချိန်
(၂-၂-၂၀၂၅ ည ၁၁:၀၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
မန်စီးတီး ၂ - ၂ အာဆင်နယ်
မန်စီးတီး ၀ - ၀ အာဆင်နယ်
အာဆင်နယ် ၁ - ၀ မန်စီးတီး
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
အာဆင်နယ် အိမ်(နိုင်) ဝေး(နိုင်) ဝေး(နိုင်)
မန်စီးတီး ဝေး(ရှုံး) အိမ်(နိုင်) အိမ်(နိုင်)

အာဆင်နယ်အသင်းက မန်စီးတီးအသင်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့နှစ်ကြိမ်မှာ သရေရလဒ်ရရှိအောင်ကစားနိုင်ခဲ့တယ်ဆိုပေမယ့် နည်းပြအာတီတာလက်အောက်မှာ မန်စီးတီးအသင်းနဲ့ တွေ့ဆုံတိုင်းရုန်းကန်ရလေ့ရှိပါတယ်။ အာဆင်နယ်အသင်းက နည်းပြအာတီတာလက်ထက်မှာ မန်စီးတီးအသင်းနဲ့ ပရီးမီးယားလိဂ် ၁၁ ကြိမ် တွေ့ဆုံခဲ့ရာမှာ တစ်ကြိမ်အနိုင်ရရှိပြီး နှစ်ကြိမ်သရေရလဒ်နဲ့ ရှစ်ပွဲရှုံးနိမ့်ထားလို့ ရုန်းကန်နေရပါတယ်။ အာဆင်နယ်အသင်းက ဒီဘောလုံးရာသီပရီးမီးယားလိဂ် အိမ်ကွင်း ၁၁ ပွဲမှာ ခုနစ်ပွဲအနိုင်ရရှိပြီး လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ အားရစရာအနေအထားမှာမရှိပါဘူး။ ဒါပြင် အာဆင်နယ်အသင်းက အဓိက ကစားသမားတစ်ဦးဖြစ်တဲ့ ဆာကာဒဏ်ရာကြောင့် အနားယူခဲ့ရချိန်ကစတင်ပြီး အသင်းတိုက်စစ်ပိုင်းက သိသိသာသာလိုအပ်ချက်တွေများနေလို့ အခုပွဲစဉ်မှာလည်း အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရနိုင်ပါတယ်။

မန်စီးတီးအသင်းက ဒီဘောလုံးရာသီမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ချန်ပီယံဆုအတွက် ခက်ခဲမယ်ဆိုပေမယ့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာအတွက် အာဆင်နယ်အသင်းနည်းပြ အာတီတာနဲ့တွေ့ဆုံတဲ့ပွဲစဉ်တိုင်း ရလဒ်ကောင်းလေ့ရှိတာကိုတော့ မေ့ထားလို့မရပါဘူး။ မန်စီးတီးအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ဒဏ်ရာရကစားသမားအများစုပြန်လည်ပါဝင်နိုင်ခဲ့လို့ ရလဒ်ပိုင်းတွေ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ မန်စီးတီးအသင်းအတွက် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ ရမှတ်ကွာဟမှုများနေတယ်ဆိုပေမယ့် အဆင့်(၂)နေရာက အာဆင်နယ်အသင်းနဲ့ ရမှတ်ကွာဟမှုက ခြောက်မှတ်သာရှိနေလို့ အခုပွဲစဉ်မှာအနိုင်ရရှိမယ်ဆိုရင် အဆင့်(၂)နေရာအတွက် ဖိအားပေးနိုင်မှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ မန်စီးတီးအသင်းအတွက် အာဆင်နယ်အသင်းနည်းပြ အာတီတာနဲ့တွေ့ဆုံခဲ့တဲ့ အမှတ်ပေးပွဲစဉ်တွေမှာ တစ်ကြိမ်ရှုံးနိမ့်ထားလို့ အခုပွဲစဉ်မှာလည်း နည်းစနစ်ပိုင်းအရ အာဆင်နယ်အသင်းကို အသာစီးရယူဖို့အတွက်ကတော့ အမှားခံမှာမဟုတ်ပါဘူး။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ပြန်ကြည့်မယ်ဆိုရင် မန်စီးတီးအသင်းက ၂၁ ကြိမ် အနိုင်ရရှိထားပြီး အာဆင်နယ်အသင်းကတော့ ၁၀ ကြိမ်အနိုင်ရရှိကာ ကိုးပွဲသရေရလဒ်ထွက်ပေါ်ထားလို့ မန်စီးတီးအသင်းက သိသိသာသာအသာစီးမှာရှိနေပါတယ်။ ဒါကြောင့် တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အာဆင်နယ် ၁ - ၂ မန်စီးတီး

အေစီမီလန် Vs အင်တာမီလန်

ကစားမည့်ရက်/အချိန်
(၂-၂-၂၀၂၅ ည ၁၁:၃၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
အင်တာမီလန် ၂ - ၃ အေစီမီလန်
အင်တာမီလန် ၁ - ၂ အေစီမီလန်
အေစီမီလန် ၁ - ၂ အင်တာမီလန်
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
အေစီမီလန် အိမ်(နိုင်) အိမ်(နိုင်) ဝေး(ရှုံး)
အင်တာမီလန် ဝေး(နိုင်) ဝေး(နိုင်) အိမ်(နိုင်)

မီလန်ဒါဘီပွဲစဉ်ဖြစ်လို့ အစဉ်အလာအတိုင်း အကြိတ်အနယ်ရှိလာဦးမှာပါ။ ဒီနှစ်သင်းကြား နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပြိုင်ပွဲစုံမှာ အင်တာမီလန်အသင်းက ခုနစ်ကြိမ်အနိုင်ရရှိပြီး အေစီမီလန်အသင်းက သုံးကြိမ်အနိုင်ရရှိခဲ့ကာ သရေရလဒ်မရှိဘဲ အနိုင်အရှုံးရလဒ်ပြတ်သားခဲ့ပါတယ်။ အေစီမီလန်အသင်းက ဒီဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအတက်အကျမြန်နေပြီး တည်ငြိမ်မှုမရှိပါဘူး။ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း စီးရီးအေအိမ်ကွင်း ၁၁ ပွဲကစားပြီးချိန်မှာ ရှုံးပွဲတစ်ပွဲသာရှိခဲ့တယ်ဆိုပေမယ့် ငါးပွဲအနိုင်ရရှိပြီး ငါးပွဲသရေရလဒ်အထိထွက်ပေါ်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာအနေအထားမှာ မရှိပါဘူး။ ဒါပြင် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲအနိုင်ရရှိပြီး နှစ်ပွဲရှုံးနိမ့်ထားပါတယ်။ အေစီမီလန်အသင်းအတွက် ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေသေးတယ်ဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းနေလို့ အင်တာမီလန်အသင်းကို တုံ့ပြန်ကစားနိုင်ဖို့အတွက် ခက်ခဲနိုင်ပါတယ်။

အင်တာမီလန်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးက နာပိုလီအသင်းထက် တစ်ပွဲလျော့ပြီး ရမှတ်သုံးမှတ် ကွာဟတဲ့အနေအထားဖြစ်လို့ ချန်ပီယံဆုအတွက် အနီးစပ်ဆုံးမှာရှိနေတဲ့ အသင်းတစ်သင်းပါ။ အင်တာမီလန်အသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားကာ လေးပွဲဆက်အနိုင်ရရှိထားလို့ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုအပြည့်ရှိနေပါတယ်။ အင်တာမီလန်အသင်းရဲ့ ဒီဘောလုံးရာသီအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း စီးရီးအေ အဝေးကွင်း ၁၀ ပွဲကစားပြီးချိန်မှာ ရှစ်ပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ စီးရီးအေ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေလို့ မြို့ခံပြိုင်ဘက်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါပြင် မာတီနက်ဇ်ဦးဆောင်နေတဲ့ အင်တာမီလန်အသင်းတိုက်စစ်ပိုင်းကလည်း စီးရီးအေ ၂၁ ပွဲမှာ ၅၅ ဂိုးရရှိထားပြီး တိုက်စစ်ပိုင်းစွမ်းဆောင်ရည် အကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေလို့ အေစီမီလန်အသင်းခံစစ်ပိုင်းအနေနဲ့ ထိန်းချုပ်ရခက်ခဲနိုင်ပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ အင်တာမီလန်အသင်းကအကြိမ် ၂၀ အနိုင်ရရှိထားပြီး အေစီမီလန်အသင်းကတော့ ၁၄ ကြိမ်အနိုင်ရရှိထားကာ ရှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ကွာဟမှုကတော့မကြီးမားပါဘူး။ ဒါပေမဲ့ လက်ရှိခြေစွမ်းပိုင်းအရ အင်တာမီလန်အသင်းက အသာစီးမှရှိနေလို့ အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းပါလိမ့်မယ်။

ခန့်မှန်းရလဒ်-အေစီမီလန် ၁ - ၃ အင်တာမီလန်

မာဆေးလ် Vs လိုင်ပ္စစ်

ကစားမည့်ရက်/အချိန်
(၃-၂-၂၀၂၅ နံနက် ၀၂:၁၅ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
လိုင်ပ္စစ် ၂ - ၃ မာဆေးလ်
လိုင်ပ္စစ် ၁ - ၀ မာဆေးလ်
မာဆေးလ် ၃ - ၀ လိုင်ပ္စစ်
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
မာဆေးလ် အိမ်(သရေ) အိမ်(သရေ) ဝေး(ရှုံး)
လိုင်ပ္စစ် ဝေး(သရေ) ဝေး(သရေ) အိမ်(သရေ)

အမှတ်ပေးဇယားထိပ်ဆုံးက ပီအက်စ်ဂျီအသင်းနဲ့ ရမှတ် ၁၀ မှတ်ကွာဟနေတဲ့ မာဆေးလ်အသင်းအတွက် ရမှတ်ကွာဟမှုကိုလျော့ချနိုင်ဖို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ မာဆေးလ်အသင်းက ဒီဘောလုံးရာသီနည်းပြသစ် ဒီဇာဘီလက်အောက်မှာ ပုံစံကောင်းရရှိနေတယ်ဆိုပေမယ့် နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့လို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ မာဆေးလ်အသင်းက ဒီဘောလုံးရာသီပြင်သစ်လီဂူးအိမ်ကွင်းကိုးပွဲမှာ သုံးပွဲနိုင်၊ လေးပွဲသရေနဲ့ နှစ်ပွဲရှုံးနိမ့်ထားပြီး စွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိဘူးဆိုပေမယ့် ကစားသမားစုဖွဲ့မှုပိုင်းမှာတော့ လိုင်ယွန်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်စွမ်းရှိနေပါတယ်။

လိုင်ယွန်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး သရေရလဒ်တွေချည်းထွက်ပေါ်ထားတဲ့အထိ ခြေစွမ်းပိုင်းကျဆင်းနေတာကိုတွေ့ရမှာပါ။ လိုင်ယွန်အသင်းရဲ့ ဒီဘောလုံးရာသီ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာလည်း ပြင်သစ်လီဂူးအဝေးကွင်း ၁၀ ပွဲမှာ သုံးပွဲအနိုင်ရရှိထားပြီး လေးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာမရှိဘဲ ရုန်းကန်နေရပါတယ်။ လိုင်ယွန်အသင်းက ဒီနှစ်ထဲကစားခဲ့တဲ့ပွဲစဉ်တွေမှာ တစ်ပွဲတည်းသာအနိုင်ရရှိထာလို့ ရလဒ်တွေဆိုးရွားနေပြီး မာဆေးလ်အသင်းအိမ်ကွင်းမှာ ရုန်းကန်ရဖို့ရှိနေပါတယ်။

ဒီနှစ်သင်းကြား တွေ့ဆုံမှုအပိုင်းမှာတော့ လိုင်ယွန်အသင်းက ၁၄ ကြိမ်အနိုင်ရရှိထားပြီး မာဆေးလ်အသင်းက ရှစ်ကြိမ်အနိုင်ရရှိခဲ့ကာ ၁၀ ကြိမ် သရေရလဒ်ထွက်ပေါ်ထားလို့ လိုင်ယွန်အသင်းက အသာစီးမှာရှိနေတယ်ဆိုပေမယ့် ဒီပွဲမှာ မာဆေးလ်အသင်းကပဲ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးပြီး နိုင်ပွဲပြန်လည်ရှာဖွေသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - မာဆေးလ် ၂ - ၀ လိုင်ယွန်

ပရီးမီးယားလိဂ်ပွဲစဉ်(၂၄)

ဘရန့်ဖို့ဒ် - စပါး
မန်ယူ - ခရစ္စတယ်ပဲလေ့စ်

ပြင်သစ်လီဂူးပွဲစဉ်(၂၀)

တူးလေ့စ် - နိုက်
အန်ဂါ - လီဟာဗေး
ရိမ်း - နန့်တက်


စည်သူအောင်



တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ဧန်နဝါရီလ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့၊ ပေါင်းလင်း ကြိုးဝိုင်းအနီး၌ အခြားသစ် (၂ ဒသမ ၄၄၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၆၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ ပန်းတနော်ဖြို့နယ်၌ တရားမဝင် အခြားသစ် (၁ ဒသမ ၂၃၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧန်နဝါရီလ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့်ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၅၁၃)တန်၊ သစ်မာ (၂ ဒသမ ၀၅၁)တန်၊ အခြားသစ် (၁၀ ဒသမ ၀၁၁)တန် စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၉၃၁)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်နေ ချစ်ထူး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး (၁)နေ ဇင်သူခိုင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်နေ မထက်နိုင်ဦး (ခ)ထက်ထက်နှင့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်နေ ကောင်းထက်ကျော်(ခ) ဖိုးစည်တို့က ညောင်လွှဲမြို့နယ်နေ မ----၊ ၂၈/၂၄ နှစ်နှင့် တောင်ဒဂုံမြို့နယ်နေ မ----၊ ၂၃/၂၄ တို့(၂)ဦးအား တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း (၈၀) ရရှိမည်၊ ပတ်စ်ပို့ပြုလုပ်ပေးမည်၊ ခရီးစရိတ်ကုန်ကျခံပေးမည်ဟု ဆောင်ရွက်လျက်ရှိသည်။

ဧန်နဝါရီလ ၃၀ ရက်၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီလ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၂၄၀၈၈၁)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ပန်းတိုင်များကိုအောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၁

အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကိုလူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ရွှေနုစိန် နှင့် မိမိခိုင်တို့က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ မ----၊ ၂၀/၂၄ နှစ်၊ မ----၊ ၂၂/၂၄ နှစ်နှင့် မ----၊ ၂၉/၂၄ နှစ် တို့(၃)ဦးအား တရုတ်နိုင်ငံ၌ တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း(၇၀)ရရှိမည်၊ကလေးယူပြီးပါက နေရပ်သို့ပြန်ရမည်၊ ကား၊ ခြံနှင့် နေရာမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် စစ်တွေနယ်မြေရဲစခန်း (ပ) ၂၈/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ အဆိုပါအမှုအား စစ်တွေခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီလ ၂၇ ရက်တွင် တရားခံ ရွှေနုစိန်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၅)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ တရုတ်နိုင်ငံ၊ ရွှေလီမြို့နောင်ငင်ရွာနေ နန်းဆိုင်ခမ်း(ခ)မားမား၊ တရုတ်နိုင်ငံ၊ အန်းဟွေးပြည်နယ်၊ ဖုရန်းမြို့နေ GAO FEN-GYING (ကောင်းဖိန်းရင်)၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး(၁)နေ ဇင်သူခိုင်နှင့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်နေ မေထက်နိုင်ဦး(ခ) ထက်ထက်တို့က လယ်ဝေးမြို့နယ်နေ မ----၊ ၁၉/၂၄ နှစ်အား တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း (၁၀၀) ရရှိမည်၊ တစ်နှစ်နေပြီးပါက မြန်မာနိုင်ငံသို့ ပြန်လာရမည်၊ ကလေးမွေးပေးရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသဖြင့် လေဆိပ်နယ်မြေရဲစခန်း(ပ) ၂၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ အဆိုပါအမှုအား တံတားဦးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီလ ၃၀ ရက်တွင် တရားခံ နန်းဆိုင်ခမ်း(ခ)မားမား နှင့် ကောင်းဖိန်းရင်တို့ ၂ ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀)စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

ထို့အတူ တရုတ်နိုင်ငံ၊ ရွှေလီမြို့နောင်ငင်ရွာနေ နန်းဆိုင်ခမ်း(ခ)မားမား၊ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်နေ ချစ်ထူး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်ကြီး (၁)နေ ဇင်သူခိုင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်နေ မေထက်နိုင်ဦး (ခ)ထက်ထက်နှင့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်နေ ကောင်းထက်ကျော်(ခ) ဖိုးစည်တို့က ညောင်လွှဲမြို့နယ်နေ မ----၊ ၂၈/၂၄ နှစ်နှင့် တောင်ဒဂုံမြို့နယ်နေ မ----၊ ၂၃/၂၄ တို့(၂)ဦးအား တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း(၈၀) ရရှိမည်၊ ပတ်စ်ပို့ပြုလုပ်ပေးမည်၊ ခရီးစရိတ်ကုန်ကျခံပေးမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရန်အတွက် စည်းရုံးသိမ်းသွင်းထားရှိပြီး အကျိုးအမြတ်ရယူဆောင်ရွက်ခဲ့ကြသဖြင့် လေဆိပ်နယ်မြေရဲစခန်း (ပ) ၂၄/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။

အဆိုပါအမှုအား တံတားဦးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီလ ၃၀ ရက်တွင် တရားခံ နန်းဆိုင်ခမ်း(ခ)မားမား နှင့် ချစ်ထူး တို့ ၂ ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၂-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၁၈၀	၃၂၀၅	၃၂၆၀	၃၁၉၅	၃၃၀၀	၃၃၀၅	၃၃၀၅	၃၂၇၅	၄၅၀၅	၃၅၄၅	၃၂၇၀	၃၂၇၀	၃၃၄၀	၃၃၀၅	၃၃၀၀	၃၅၈၅	၄၁၀၀
95 Ron	၃၂၆၀	၃၃၀၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၀	၃၃၀၀	၄၅၆၀	၃၆၂၅	၃၃၅၀	၃၃၅၀	၃၄၂၀	၃၃၀၅	၃၃၀၀	၃၆၆၅	၄၂၅၀
HSD (500 ppm)	၂၈၂၀	၂၉၃၀	၂၈၉၅	၂၈၃၀	၂၉၃၅	၂၉၄၅	၂၉၀၀	၂၈၉၀	-	၃၁၀၀	၂၉၀၅	၂၉၀၅	၂၉၀၅	၂၉၃၀	၂၉၆၅	၃၂၂၀	၄၁၀၀
HSD (50 ppm)	၃၄၈၅	၃၆၀၀	၃၅၆၅	၃၅၅၀	၃၆၀၅	၃၆၂၀	၃၆၄၀	၃၅၅၅	၄၈၃၀	၃၈၅၀	၃၅၇၅	၃၅၇၅	၃၆၄၅	၃၆၃၀	၃၆၃၅	၃၈၉၀	-
HSD (10 ppm)	၃၄၈၅	၃၆၀၀	၃၅၆၅	၃၅၅၀	၃၆၀၅	၃၆၂၀	၃၆၄၀	၃၅၅၅	-	၃၈၅၀	၃၅၇၅	၃၅၇၅	၃၆၄၅	၃၆၃၀	၃၆၃၅	၃၈၉၀	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၀၀၇	၃၁၀၁
95 Ron	၃၀၈၂	၃၁၇၈
HSD (500 ppm)	၂၆၅၄	၂၇၃၆
HSD (50 ppm)	၃၃၀၂	၃၃၉၈
HSD (10 ppm)	၃၃၀၂	၃၃၉၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၇၁)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့

အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

၆ - ၁၀၅၀၅၈

အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

၃ - ၃၁၇၇၀၉

အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

၆ - ၂၇၄၁၄၀

ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀) ဆုများ

ဆ - ၁၆၇၂၅၇ င - ၉၄၁၆၄၄
က - ၅၁၉၂၉၆ ဃ - ၉၄၃၂၄၃

ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀) ဆုများ

ဂ - ၂၅၃၅၀၄ က - ၉၀၅၉၅၁
၃ - ၂၆၀၁၁၁ ၆ - ၉၀၇၆၆၀
က - ၃၉၇၃၂၄

ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀) ဆုများ

၃ - ၁၅၉၀၇၆ ဃ - ၆၅၇၁၄၄ ၆ - ၉၄၈၆၃၂
ဃ - ၂၄၅၄၀၇ ၃ - ၇၂၇၃၀၄ ဃ - ၉၆၅၆၇၁
စ - ၄၂၂၃၄ ဃ - ၇၈၄၃၀၄ ဆ - ၉၇၉၈၇၃
င - ၄၂၈၉၀၁ ဂ - ၇၈၆၈၉ င - ၉၈၇၇၃၂
ဆ - ၅၂၉၃၅၅ ၃ - ၇၈၀၀၀၉

ဆုတစ်ဆုချင်းကျပ်သိန်း(၅၀) ဆုများ

စ - ၁၈၀၁၅၆ ဃ - ၆၀၁၉၅၁ ဂ - ၆၀၁၆၁၀
ခ - ၂၆၉၈၁၉ ဆ - ၆၃၄၄၅၉ ဃ - ၆၉၆၉၇၅
ဃ - ၃၈၂၂၀ ဃ - ၆၉၄၁၀၉ ၆ - ၆၁၅၆၂၂
ဂ - ၄၆၁၀၆၆ ၃ - ၈၆၇၉၁၁ ဆ - ၆၂၆၆၂၅
ခ - ၅၁၉၀၃၁ ခ - ၆၇၅၉၁၁ ဃ - ၆၇၅၆၅၁
စ - ၅၃၆၀၆၃ ဂ - ၇၁၅၃၀၆ ဂ - ၆၈၀၇၇၂
ဂ - ၅၆၀၅၅၈ ဂ - ၇၅၅၀၀၆ ဆ - ၆၈၆၆၇၃
ဆ - ၅၇၂၂၀၅ ဂ - ၇၆၆၀၀၉ ဂ - ၆၈၇၇၃၂

ဆုတစ်ဆုချင်းကျပ် (၁၀) သိန်းဆုများ

၆ - ၁၃၈၁၃၇ ဆ - ၄၀၅၃၄၆ ဂ - ၅၅၅၂၉၁
ဂ - ၃၀၇၁၉၅ ဂ - ၄၄၄၉၀၀ ဂ - ၆၀၁၅၆၄
စ - ၃၁၉၄၈၃ ဂ - ၄၆၅၀၂၄ စ - ၆၆၆၃၀၀
ဂ - ၃၃၅၂၉၁ ခ - ၅၀၈၉၀၉ က - ၉၀၆၅၆၂
ဆ - ၃၄၂၂၀ ဃ - ၅၄၃၁၈၂ ဂ - ၉၁၀၇၇၉
စ - ၃၆၇၇၄ ဂ - ၅၅၀၇၇၉

ဆုတစ်ဆုချင်းကျပ်သိန်း(၅) ဆုများ

၆ - ၁၆၉၃၄၉ ဃ - ၄၅၅၁၉၁ ၆ - ၉၄၈၆၃၂
ဃ - ၂၁၅၄၅၇ ဂ - ၆၁၃၂၀၅ ဃ - ၉၆၅၅၇၁
စ - ၂၃၅၀၉၈ ဂ - ၆၆၈၂၆ ဆ - ၉၇၉၈၇၃
၆ - ၃၂၄၅၃၆ ဃ - ၆၉၅၂၁၆ ဂ - ၉၈၇၇၃၂
ဃ - ၃၈၃၀၉၉ ဂ - ၇၅၀၀၃၀
၆ - ၃၈၃၃၀၈ ၆ - ၈၆၈၀၀၅

ဆုတစ်ဆုချင်းကျပ် (၁၀) သိန်းဆုများ

၆ - ၁၃၈၁၃၇ ဆ - ၄၀၅၃၄၆ ဂ - ၅၅၅၂၉၁
ဂ - ၃၀၇၁၉၅ ဂ - ၄၄၄၉၀၀ ဂ - ၆၀၁၅၆၄
စ - ၃၁၉၄၈၃ ဂ - ၄၆၅၀၂၄ စ - ၆၆၆၃၀၀
ဂ - ၃၃၅၂၉၁ ခ - ၅၀၈၉၀၉ က - ၉၀၆၅၆၂
ဆ - ၃၄၂၂၀ ဃ - ၅၄၃၁၈၂ ဂ - ၉၁၀၇၇၉
စ - ၃၆၇၇၄ ဂ - ၅၅၀၇၇၉

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်

စ - ၁၉၈၇၉ င - ၅၃၂၁၆
၆ - ၄၉၇၈၂

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

စ - ၁၉၈၇၉ င - ၅၃၂၁၆
၆ - ၄၉၇၈၂

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၈) ယူနစ်

က - ၁၀၂၃ င - ၃၃၁၀
ဆ - ၁၀၉၁ ၆ - ၇၂၁၅
င - ၂၁၄၆ ၆ - ၇၂၃
ဆ - ၂၅၉၂ ဂ - ၈၁၇၃

အကွက်ရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၆) ယူနစ်

၆ - ၂၆၀ ခ - ၅၁၃ င - ၇၉၇
ဃ - ၄၀၆ ခ - ၆၉၅ ခ - ၉၇၇

အကွက်ရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၃) ယူနစ်

ခ - ၃၄ ခ - ၅၄
ဆ - ၅၃

အကွက်ရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

၀ - ၄

အကွက်ရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဃ - ၂၀၅၂၅၀ က - ၆၂၁၅၇၄
ခ - ၄၀၀၅၉၉ ဂ - ၆၆၇၅၀၇

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

ဂ - ၆၅၂၇၄ ခ - ၇၆၀၉၈

အကွက်ရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

စ - ၂၅၆၈
၆ - ၆၄၂၀

အကွက်ရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

ဂ - ၄၁၃
ဃ - ၅၀၅

အကွက်ရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၇၁) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၃၉၁၂၁) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၃၉၁၂၂) ဦးဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ်လ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၇၂) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အကွက်ရာများမှာ (က) အကွက်ရာမှ (၈) အကွက်ရာထိ အကွက်ရာ (၈) လုံးဖြစ်ပါသည်။

၃။ (၇၁) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၃-၂-၂၀၂၅)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၄-၂-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

အရည်အသွေးပြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။



ထာဝရလှပသော အပြုံးအတွက်

DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကိုဖြူဝင်းတောက်ပစေပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅


STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar

ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်

မြန်မာ



OKKAN
SUGAR
MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-၈၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်းထုတ်လုပ်သည့် သကြားဖြူ White Sugar

❖ **မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ . . .**

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ပိုင်းဝန်းဆောင်ရွက်သွားရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုဝါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

MNL အမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းနှင့် စတုတ္ထနေရာမှ ဒဂုံစတားအသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) တတိယနေ့ကို ဖေဖော်ဝါရီလ ၁ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းနှင့်တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိသည့် ရှမ်းယူနိုက်တက်အသင်းသည်ယခုပွဲတွင်လည်း သရေတစ်မှတ်သာ ရယူနိုင်ခဲ့ပြီး ယခုရာသီ၏ ပထမဆုံးဂိုးပေါက်ပျောက်ဆုံးမှုနှင့်အတူ ဒုတိယမြောက် သရေပွဲကြုံတွေ့ခဲ့သည်။ လက်ရှိလက်ရွေးစင်၊ **စာမျက်နှာ ၁၀ ကော်လံ ၁ ●**



ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သချိုင်္ကပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှုပုံမှန်ထက်ပိုမိုခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ **(မိုး/၈လ)**

နိုင်ငံတကာသတင်း

ဗူးခက်အပန်းဖြေကျွန်းတွင် ဘတ်စကားတစ်စီး ချောက်အတွင်းသို့ထိုးကျ ကိုးဦးဒဏ်ရာရရှိ

ဂျေဂျူးကျွန်းကမ်းလွန်တွင် ငါးဖမ်းသင်္ဘောနှစ်စင်း သောင်တင်ခဲ့ရာ တစ်ဦးသေဆုံးပြီး အခြား သုံးဦး ပျောက်ဆုံး

စာ - ၂၃ သို့

အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁

၂၀၂၅ ခုနှစ် မြန်မာစံတော်ချိန် ၁၉ နာရီ၊ ၁၁ မိနစ်၊ ၀၉ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၂ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံ ပြည်တွင်း (ကလေးမြို့၏တောင်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၉၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၄ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**

အင်္ဂလန်ပရီမီးယားလိဂ် ပွဲစဉ် (၂၄) ဘောလုံးပွဲရလဒ်များ

နော်တင်ဟမ်	၇	- ၀	ဘရိုက်တန်
ဘုန်းမောက်	၀	- ၂	လီဗာပူး
အဲဗာတန်	၄	- ၀	လက်စတာ
အစ်ဆွစ်	၁	- ၂	ဆောက်သမ်တန်
နယူးကာဆယ်	၁	- ၂	ဖူဟမ်

